# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 8 June 2023 ၁၁၁၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်ပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များအား ရေမျှောပူဇော်သဘင်ကျင်းပမည့် မရမ်းခြံဆိပ်ကမ်းနေရာသို့ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်စဉ်။

**မန္တလေး ဇွန် ၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာ ဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၄)နှစ်၊ သိက္ခာတော် (၇၄)ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် ကြာသပတေးနေ့ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူ၍ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်ကြီးရှိ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**




ကြေးမုံ

# မုန်တိုင်းဒဏ်သင့်ဒေသများ အလျင်အမြန်ပြန်လည်ထူထောင်

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မေလ ၁၄ ရက်နေ့က တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် လေးမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သည့် နယ်မြေများအဖြစ်သတ်မှတ်ပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်၏ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ယခုဆိုင်ကလုန်းမုန်တိုင်း "မိုခါ"နှင့်ပတ်သက်၍ မုန်တိုင်းမတိုင်မီကာလ၊ မုန်တိုင်းတိုက်နေစဉ်ကာလ၊ မုန်တိုင်းတိုက်ပြီးကာလ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျကြိုတင်ပြင်ဆင်၍ လျင်လျင်မြန်မြန်ဆောင်ရွက်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် အကောင်းဆုံးအခြေအနေရောက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မိုခါမုန်တိုင်း စတင်တိုက်ခတ်သည်နှင့် နိုင်ငံတော်အဆင့်အနေဖြင့် တပ်မတော်အရာရှိကြီးများကို တစ်မြို့နယ်လျှင် တစ်ဦး ခန့်အပ်တာဝန်ပေး၍ ထမ်းဆောင်စေလျက်ရှိပြီး အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များကိုလည်း အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်စေလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ပြီး သုံးပတ်သုံးရက်အတွင်း အပျက်အစီးများရှင်းလင်းဖယ်ရှားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက်မှုရှိလာသည်ကိုတွေ့ရသည်။ မုန်တိုင်းဖြစ်ပွားသည့်ကာလသည် ကျောင်းများအပ်နှံဖွင့်လှစ်ရမည့် အကြိုကာလဖြစ်ပြီး မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်ရှိ အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ စိုးရိမ်သောကရောက်ခဲ့ကြသည်။ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကာန်ထရိုက်တာများအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ တည်ဆောက်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့သည်။

တည်ဆောက်ရေးကို မြို့နယ်များခွဲ၍ အခြေခံပညာအထက်တန်းကျောင်းများ မိုးလုံလေလုံဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးအဆင့်များခွဲခြားဆောင်ရွက်ပြီး တက္ကသိုလ်အဆင့်ကျောင်းများဖွင့်လှစ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးကျောင်းဖွင့်ရာသီ ဇွန်လ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအပြင် အဆင့်မြင့်ပညာကျောင်းများပါ ဖွင့်လှစ်နိုင်ခဲ့သည်။ ဒေသခံမိဘပြည်သူများ၏ စိုးရိမ်သောကစိတ်များကို ပြေပျောက်စေခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် "ကျောင်း၊ ဆေးရုံစသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူလယ်သမားများလိုအပ်သည့်မျိုးစေ့များနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး" အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဇွန်လ ၆ ရက်နေ့တွင် မှာကြားခဲ့သည်။

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ဒေသများ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားချက်နှင့်အညီ သက်ဆိုင်ရာကော်မတီများနှင့် အဖွဲ့အစည်းများအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပေသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျန်းမာရေးအဆောက်အအုံ ၄၉၈ လုံး ပျက်စီးခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ခဲ့သည်။ မေလ ၃၁ ရက်နေ့အထိ ပြင်ပလူနာ ၉၂၉၁ ဦးနှင့် အတွင်းလူနာ ၄၃၄၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

ပြန်လည်တည်ဆောက်ရေးအတွက် သစ်ခွဲသားများ၊ သစ်လုံးများကို မုန်တိုင်းသင့်ဒေသများသို့ အချိန်မီရောက်အောင် ပို့ဆောင်နိုင်ခဲ့သည်။ စိုက်ပျိုးမွေးမြူရေးအတွက် ကျွဲကောင်ရေ ၁၁၆ ကောင်နှင့် ထွန်စက်အစီး ၈၀ ဝယ်ယူဖြည့်တင်းပေးနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်အတွက် ဆန်အိတ်စုစုပေါင်း ခြောက်သောင်းကျော်နှင့် သွပ်အချပ်ရေ သုံးသိန်းကျော်ကို စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့သည်။ ဇွန်လ ၅ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်သို့ အလှူငွေကျပ် ၂၆ ဒသမ ၀၀၉ ဘီလီယံ ဝင်ရောက်ခဲ့ပြီး လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၇၅၀၀၀ ကျော် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ဝင်ရောက်ထားသည်။ သို့ဖြစ်ရာ မုန်တိုင်းသင့်ဒေသများ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တည်ဆောက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်မင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၂) ဦးဇော်ဖြိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ၃ ) ဦးမင်းဟိန်း | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၄) ဒေါက်တာ ချိုချိုမြင့် | ပါမောက္ခချုပ်<br>ရေနံချောင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ၅ ) ဒေါက်တာ မြတ်မြတ်သော် | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## တိုက်ကြီးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(အခမဲ့) ဖွင့်လှစ်

ရန်ကုန် ဇွန် ၇

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (အခမဲ့) အမှတ်စဉ် (၄/၂၀၂၃-၂၀၂၄) ကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဆင်ဖြူရှင်ရပ်ကွက် အလံတိုင်ကျောင်းတိုက်တွင် ဇွန် ၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

**သင်ကြားပို့ချလျက်ရှိ**

သင်တန်းကို ဇွန် ၅ ရက်မှ ၉ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ လက်သန့်ဆေးရည်အမျိုးမျိုး၊ ဓာတုပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ Packaging နှင့် ပတ်သက်သည့် သိကောင်းစရာများ၊ GMP၊ GHP အကြောင်းအရာများ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်အမှတ်တံဆိပ်တွင် ဖော်ပြရမည့် အချက်အလက်များအကြောင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၁,၂၅၀ | ၁၀,၀၁၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၇၃၂ | ၂,၁၂၂,၀၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၇ | ၅၁,၁၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၃၂၄ | ၄၆၉,၈၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၂၂၀ | ၅၃၉,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

အေးကမ္ဘာဗိမာန် ယာယီစံကျောင်းတော်တွင် ပူဇော်ထားရှိခဲ့ပြီး ဇွန် ၆ ရက်နေ့၌ အန္တိမဈာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားကို ကျင်းပ၍ ရုပ်ကလာပ်တော်အား တေဇောဓာတ်ပူဇော်ခဲ့သည်။

**ထည့်သွင်းပူဇော်**

ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တေဇောဓာတ်ပူဇော်သည့် နေရာသို့ ရောက်ရှိရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြပြီးနောက် တပည့်သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် လောင်တိုက်တော်ပေါ်သို့ တက်ရောက်ပြီး အခမ်းအနားမှူးက သရီရဓာတ်ပြာတော်များကို ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုတော်မူရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားကာ သရီရအရိုးဓာတ်ပြာတော်များကို အုန်းစိမ်းရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ရတနာရွှေအိုး၊ ငွေအိုးများနှင့် ရွှေအိတ်၊ ငွေအိတ်များတွင် ထည့်သွင်းပူဇော်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာဖြင့် နောက်ဆုံး တောင်းပန်ကန်တော့ခြင်းများ ဆောင်ရွက်ကြပြီး ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ရေမျှောပူဇော်သဘင် ကျင်းပမည့် မရမ်းခြံဆိပ်ကမ်းနေရာသို့ ပင့်ဆောင်ကြသည်။

ဗန်းမော်ဆရာတော် ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင် အခမ်းအနားကို

စာမျက်နှာ ၄ သို့ ❂



သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာဝတသင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာဖြင့် နောက်ဆုံးတောင်းပန်ကန်တော့ခြင်းများ ဆောင်ရွက်ကြစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များကို တပည့်သံဃာတော်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကရဝိက်ဖောင်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြစဉ်။



**ပင့်ဆောင်**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအမှူးပြု၍ ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကရဝိက်ရွှေဖော်တော် ရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်မည့် မင်းရဲလှဆိပ်ကမ်းအနီးမြစ်လယ်သို့ ပင့်ဆောင်ပူဇော်ကြစဉ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော် သံဃာတော်များက ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးတော်ကို အာရုံရည်မှန်းပြီး ပစ္စယနိဒ္ဒေသ (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပွားများ ပူဇော်ကြစဉ်။

✪ စာမျက်နှာ ၃ မှ
နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တပည့်၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ ဝတ်ရွတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော် သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကရဝိက်ရွှေဖောင်တော် ရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

**ရွတ်ဖတ်ပွားများပူဇော်**

ဗန်းမော်ဆရာတော် ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်မည့် မင်းရဲလှဆိပ်ကမ်းအနီး မြစ်လယ်သို့ ပင့်ဆောင်ပူဇော်ကြစဉ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော် သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဝတ်ရွတ်အဖွဲ့များက ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို အာရုံရည်မှန်းပြီး ပစ္စယနိဒ္ဒေသ (၂၄) ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပွားများ ပူဇော်ကြသည်။

**ရေမျှောပူဇော်**

ယင်းနောက် ရေမျှောပူဇော်မည့် နေရာသို့ရောက်သည့်အခါ အခမ်းအနားမှူးက သရီရဓာတု ပဝါဟနပူဇာအဖြစ် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်တော့မည်ဖြစ်ကြောင်း ကြေညာကာ အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်ကြပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရေမျှောပူဇော်စဉ်။

ဗန်းမော်ဆရာတော် ဘုရားကြီး၏ သရီရအရိုးဓာတ်ပြာတော်များကို ရေမျှောပူဇော်ရာတွင် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ရွှေကိန္နရီ၊ ပွင့်ဖြူ၊ ပြဒါးပျံ၊ ပတိုင်း၊ ပိတောက် ရေယာဉ်များဖြင့် ခြံရံလိုက်ပါပူဇော်ကြကြောင်းနှင့် လမ်းကြောင်းတစ်လျှောက်တွင်လည်း ရဟန်းရှင်လူပြည်သူအပေါင်းတို့က မြစ်ကမ်းပေါ်မှ ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ရေမျှောပူဇော်ကြစဉ်။

# ကျေးဇူးတင်လွှာ

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄ ဝါ ) သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

အဆိုပါ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကိုနာယကဆရာတော်ကြီးများ၏ ဩဝါဒများခံယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ဇွန် ၆ ရက်နေ့တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားကို အန္တိမပူဇာသဘင် ဆင်ယင်ခြင်း၊ ချမ်းမြသာစည်စျာပနကွင်းသို့ ကရဝိက်ယာဉ်တော်ဖြင့် ပင့်ဆောင်ခြင်း၊ အန္တိမ စျာပန ပူဇာသဘင် ဆင်ယင်ခြင်း၊ ယနေ့တွင် သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များအား ဧရာဝတီမြစ်၊ မရမ်းခြံဆိပ်ကမ်း၌ ရေမျှောပူဇော်ခြင်း အခမ်းအနားတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အမှူးပြုသည့် အကြီးအကဲရှစ်ဦးက ဗန်းမော်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဗိမာန်တော် မုခ်ဦးမှ သတ်မှတ်နေရာအထိ ပင့်ဆောင်ကြစဉ်။

ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနား၏ အန္တိမပူဇာသဘင်တွင် **သံဝေဂဉာဏ် ပွားတော်မူကြောင်း သဝဏ်လွှာ**ကို ဖတ်ကြားပူဇော်ခဲ့သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ **ဓမ္မသံဝေဂကထာ တရားမြွက်ကြား** တော်မူခဲ့သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ နှင့် အခမ်းအနားသို့ ကြွရောက်တော်မူသည့် နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ၊ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအားလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အခမ်းအနားအား နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယကအဖွဲ့များမှ ဆရာတော်၊ သံဃာတော်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများအားလည်းကောင်း၊ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားသို့ တက်ရောက်ပူဇော်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ ကရဝိက်ဖောင်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်းဖြင့် ပါဝင်ပူဇော်ပေးပါသော အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဥပါသကာများ၊ သံဝေဂဂါထာဖြင့် ပူဇော်ပေးသည့် မန္တလေးသိန်းဇော်နှင့် အနုပညာရှင်များအားလည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ အကြီးအကဲများနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးအားလည်းကောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားတွင် လောင်တိုက်တော်နှင့် မဏ္ဍပ်များမှ အစ စနစ်တကျ စီမံပေးပါသော ဆရာတော်အရှင်သူမြတ်များနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိ စျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားနှင့် သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များအား ရေမျှောပူဇော်ခြင်း အခမ်းအနားများအား တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ SKY NET နှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဗန်းမော်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနား ကျင်းပရာ စံကျောင်းတော်နှင့် ချမ်းမြသာစည် စျာပနကွင်းသို့ ပင့်ဆောင်ပူဇော်ရာတွင် လမ်းဘေးဝဲယာ တစ်လျှောက်မှ စနစ်တကျနှင့် စည်းကမ်းရှိစွာ ဂါရဝပြု ဖူးမြော်ကြည်ညိုခဲ့ကြသည့် ပြည်သူများ၊ သရီရဓာတုပဝါဟနပူဇာဓာတ်ပြာတော်များအား ရေမျှောပူဇော်ခြင်း အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြသူများနှင့် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပရေးဦးစီးကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်အား မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေးအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်အား မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် တရုတ်နိုင်ငံတွင် အသုံးများသော တစ်တော့(Tiktok)၊ ကွိုက်ဖိုလ် (Kuaishou) ကဲ့သို့ လူမှုကွန်ရက်မီဒီယာပလက်ဖောင်းများတွင် Myanmar Pavilion အမည်ဖြင့် မြှင့်တင်ကြော်ငြာရေး၊ ၂၀၂၄ ခုနှစ်တွင် International Mountain Tourism ပွဲတော်ကျင်းပနိုင်ရေး၊ မြန်မာ-တရုတ် ချစ်ကြည်ရေးမြို့တော်များ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Auto Top Power Co., Ltd. မှ တင်သွင်းလာသော Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ကိုးစီး၊ Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ခြောက်စီး၊ Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော Kaiyi B-EV အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ခြောက်စီးနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီး စုစုပေါင်းလျှပ်စစ်သုံး မော်တော်ယာဉ် ၃၆ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့်ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သံနှင့်သံမဏိအခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း

ကိုချင်း

တကောင်းရာဇဝင်သည် မြန်မာ့သံနှင့် သံမဏိ သမိုင်းတွင် အရေးပါခဲ့သော မြို့တစ်မြို့ဖြစ်ကြောင်း သမိုင်းသုတေသန တူးဖော်တွေ့ရှိချက်များက ဖော်ပြနေသည်။ တကောင်းရာဇဝင်တွင် တစ်ခန်းတစ်ကဏ္ဍမှပါဝင်ခဲ့သော ပန်းပဲမောင်တင့်တယ် (ခေါ်) မင်းမဟာဂီရိ၏ ဘဝဖြစ်စဉ်သည်လည်း တကောင်း၏ သံရိုင်းထုတ်လုပ်မှု၊ သံလက်နက်ထုတ်လုပ်မှုနှင့် ပုဂံ၏ သံဖိုများ၊ သံလက်နက်ထုတ်လုပ်မှုများက သက်သေပြလျက်ရှိသည်။ ကြေးခေတ်မှ သံခေတ်ပြောင်းပြီးနောက် သံခေတ်ဦး၏ စွမ်းပကားကြီးမားသော ကျေးဇူးရှင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် သံခေတ်ကို ဦးဆောင်ခဲ့သူဖြစ်သည်။ မြန်မာများ ကိုးကွယ်ကြသည့် ၃၇ မင်းနတ်များတွင် သိကြားမှလွဲလျှင် မောင်တင့်တယ်နတ်သည် ထိပ်ဆုံးကဖြစ်သည်။ ၃၇ မင်းနတ်တွင် ဦးတင့်တယ်အပါအဝင် ဦးတင့်တယ် အမျိုးချည်း ခုနစ်ပါး ပါဝင်နေသည်။ မင်းနှင့်ပြည်သူတို့ တညီတညွတ်တည်း ကိုးကွယ်သော ထူးခြားသည့် နတ်တစ်ပါးဖြစ်သည်။ ဦးတင့်တယ်၏ ဩဇာလွှမ်းမိုးမှုသည် တကောင်းမှ ပုဂံအထိ ပျံ့နှံ့ကျော်ကြားခဲ့သည်။ မောင်တင့်တယ်သည် စွမ်းပကားခွန်အားကြီးမားသည်ဖြစ်၍ အလွန်ကျော်စောထင်ရှားသူဖြစ်သည်။ မောင်တင့်တယ်သည် ပန်းပဲသမားများ ကိုယ်စားပြုသော ပန်းပဲနတ်တစ်ပါးလည်းဖြစ်သည်။ ပန်းပဲမောင်တင့်တယ် (ခေါ်) အိမ်တွင်းဘိုးဘိုးကြီးနတ်သည် ယခင်တုန်းက မြန်မာအိမ်တိုင်း၌ ကိုးကွယ်သောနတ်ဖြစ်ခဲ့သည်။

**သံခေတ်မှာ ၁၂၀၀ ဘီစီမှစတင်**

**“ပြဒါးသေတစ်ဆွေ့ဝ သံသေတစ်ပြည်ဝ”** ဟူ၍ ဆိုရိုးရှိသည့်အတိုင်း ပြဒါးကို နိုင်အောင်ပြုပြင်နိုင်လျှင် တစ်ဆွေမျိုးလုံးကြီးပွားနိုင်ပြီး သံကို သေချာပိုင်နိုင်အောင် ပြုလုပ်နိုင်ပါက တစ်တိုင်းတစ်ပြည်လုံး ချမ်းသာမည်ဖြစ်သည်။ သမိုင်းမတင်မီခေတ်များအဖြစ် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာကြရာ ၃၃၀၀ ဘီစီမှ ၁၂၀၀ ဘီစီခန့်အထိ ကြေးခေတ်အဖြစ်ရှိခဲ့ပြီး သံခေတ်မှာ ၁၂၀၀ ဘီစီ မှ စတင်ခဲ့ပြီး ၆၀၀ ဘီစီ ခန့်အထိ တည်ရှိခဲ့သည်။ ယခုလို အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုတွင် မြန်မာနိုင်ငံတွင်လည်း ကြေးခေတ်အသုံးအဆောင်များအဖြစ် လက်နက်ပစ္စည်း၊ လက်ဝတ်တန်ဆာ၊ လယ်ယာသုံးကိရိယာများ၊ အထောက်အထားများကို မန္တလေးမြို့၏ တောင်ဘက်၊ စမုံမြစ်ဝှမ်းတစ်လျှောက်တွင် အများဆုံးတူးဖော်တွေ့ရှိရသည်။

သံခေတ်အထောက်အထားများအဖြစ် သံနှင့်ပြုလုပ်ထားသောကိရိယာ၊ သံချက်ဖိုများကို ကျောက်ဆည်မြို့အနီးဝန်းကျင်၊ တကောင်းမြို့နှင့် ပုပ္ပားတောင်ပတ်ဝန်းကျင်တွင် တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကျောက်လက်နက်များ ထုတ်လုပ်အသုံးပြုသော ကျောက်ခေတ်၊ ကြေးလက်နက်များ ထုတ်လုပ်အသုံးပြုသော ကြေးခေတ်၊ သံလက်နက်များ အသုံးပြုသော သံခေတ်၊ မြို့ပြထူထောင်သော ခေတ်များအထိ တဖြည်းဖြည်းကူးပြောင်းတက်လှမ်းခဲ့ကြသည်။ ကြေးခေတ်တွင် သံလက်နက်ကိရိယာများ ထုတ်လုပ်သုံးစွဲမှုကို စတင်သန္ဓေတည်၍ သံခေတ်တွင် သံလက်နက်ကိရိယာများ သုံးစွဲနေကြသော်လည်း ကြေးလက်နက်ကိရိယာများကို မစွန့်လွှတ်ဘဲ ဆက်လက်သုံးစွဲခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကြေးခေတ်ကာလကုန်ဆုံးပြီးနောက် သံခေတ်သို့ တိုးတက်ကူးပြောင်းလာခဲ့ပြီး သံကို ဘီစီ ၅၀၀ နောက်ပိုင်းတွင် စတင်သုံးစွဲကြသည်ဟု ပညာရှင်များက သဘောတူကြသည်။ သံချက်လုပ်သည့် အတတ်ပညာသည် ရေးယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် ကြီးစွာသော အလှည့်အပြောင်းဖြစ်စေခဲ့သည်။ သမိုင်းအကြို ခေတ်ကာလဖြစ်သည့် ပျူမြို့ပြနိုင်ငံများ ထွန်းကားခဲ့ချိန်တွင် သံလက်နက်ပစ္စည်းများနှင့် အသုံးအဆောင်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း အခိုင်အမာဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ သမိုင်းဝင်သည့်ကာလ၌လည်း မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်၍ ခံ့ညားသော လက်နက်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် သံထုတ်လုပ်မှုကို မည်မျှအလေးပေးဆောင်ရွက်ခဲ့သည့်အချက်ကို ခန့်မှန်းနိုင်သည်။

**သံချက်ဖိုအလုံးပေါင်း ၄၀၀ ခန့်ရှိ**

ရှေးအခါက မြန်မာနိုင်ငံသည် အခြားအရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် သံရိုင်းမှ တိုက်ရိုက်သံချက်သော နည်းစဉ်တို့ကို အသုံးပြုခဲ့ကြောင်း ရှေးဟောင်းသုတေသနအရ တွေ့ရှိရသည်။ တိုက်ရိုက်သံချက်သောစနစ်သည် သမိုင်းမတင်မီက နည်းစဉ်ဖြစ်သော်လည်း ကျေနပ်ဖွယ်ကောင်း၍ အရည်အသွေးမီသော သံထည်ကိရိယာများကို ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် သံချက်ဖိုများ တွေ့ရှိရာဒေသ ၁၇ ခုရှိပြီး သံချက်ဖိုအလုံးပေါင်း ၄၀၀ ခန့်ရှိကြောင်း သိရသည်။ ရှေးအခါက သံချက်ဖို၏ အစိတ်အပိုင်းများကို ဖျက်ဆီး၍ သံကြမ်းများ ဖယ်ထုတ်ယူရသဖြင့် ဖို၏ ကျန်သောအစိတ်အပိုင်းများ၊ ချော်ခဲများ ပြန့်ကျဲနေတတ်သည်။ သဘာဝပတ်ဝန်းကျင်အခြေအနေကလည်း ပျောက်ကွယ်စေသည်။ လမ်းဖောက်ခြင်း၊ အကြိမ်ပေါင်းများစွာ ထွန်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းနှင့် ပျက်စီးခြင်း၊ မြေပြိုခြင်းတို့က သံချက်ဖိုများကို ပျက်စီးစေခဲ့သည်။ ချော်ခဲများကို အိမ်ကြမ်းပြင်လောင်းရာတွင် အင်္ဂတေနှင့် ရောစပ်ကြခြင်း၊ လယ်ယာလုပ်ငန်းနှင့် လမ်းဖောက်ခြင်းလုပ်ငန်းအတွက် အတားအဆီးဖြစ်နေသော ဖိုနှင့် ချော်ခဲများကို ဖယ်ရှားခြင်းတို့ကြောင့်လည်း သမိုင်းအမွေအနှစ်များ ဖျက်ဆီးခံခဲ့ကြရသည်။

> **မြန်မာနိုင်ငံတွင် ကြေးခေတ်ကာလကုန်ဆုံးပြီးနောက် သံခေတ်သို့ တိုးတက်ကူးပြောင်းလာခဲ့ပြီး သံကို ဘီစီ ၅၀၀ နောက်ပိုင်းတွင် စတင်သုံးစွဲကြသည်ဟု ပညာရှင်များက သဘောတူကြသည်။ သံချက်လုပ်သည့် အတတ်ပညာသည် ရေးယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ကြီးစွာသော အလှည့်အပြောင်းဖြစ်စေခဲ့သည်။ သမိုင်းအကြို ခေတ်ကာလဖြစ်သည့် ပျူမြို့ပြနိုင်ငံများထွန်းကားခဲ့ချိန်တွင် သံလက်နက်ပစ္စည်းများနှင့် အသုံးအဆောင်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း အခိုင်အမာ ဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ သမိုင်းဝင်သည့် ကာလ၌လည်း မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်၍ ခံ့ညားသောလက်နက်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် သံထုတ်လုပ်မှုကို မည်မျှအလေးပေးဆောင်ရွက်ခဲ့သည့်အချက်ကို ခန့်မှန်းနိုင်**

ဤသို့ ကြေးခေတ်၊ သံခေတ်မှ ခေတ်အဆက်ဆက် အရေးပါသော သံချက်ဖိုနှင့် သံချော်ခဲများကို မှတ်တမ်းတင်၍မထားပါက နှောင်းခေတ်လူများလေ့လာရန် တဖြည်းဖြည်း စိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ထို့ကြောင့် ပုဂံ၊ ပုပ္ပား၊ ညောင်ဦး တစ်ဝိုက်ရှိ သံချက်ဖိုများ၊ မြင်းခြံမြို့နယ် ကျောဇီ သံချက်ဖိုများ၊ မုံရွာကျောက်မျက်ရှိ သံချက်ဖိုများ၊ တန့်ဆည်ရှိ သံချက်ဖိုများ၊ တကောင်းရှိ သံချက်ဖိုများ၏ ဖိုတည်ဆောက်ပုံ၊ ဖိုပုံစံများအား မြန်မာပညာရှင်များက လေ့လာခဲ့ကြသည်။ ကုန်ကြမ်းများအဖြစ် သံရိုင်းနှင့် မီးသွေးများ၊ ရွှံ့စေးများ၊ သဲများကို အသုံးပြုခဲ့ကြသည်။ ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် ကြေးခေတ်၊ သံခေတ်တို့ကို ကျော်ဖြတ်ခဲ့ပြီး ကြေးထုတ်လုပ်နိုင်သော နည်းပညာ၊ သံကို သံရိုင်းမှ ထုတ်လုပ်နိုင်သော နည်းပညာများတွေ့ရှိခဲ့ကြောင်း တင်ပြအပ်သည်။

သမိုင်းမတင်မီခေတ်က နေထိုင်သောလူများသည် သစ်သားလုံးများကို မီးပုံထဲထိုးရာမှ မာလာကြောင်း တွေ့ရှိကြသည်။ အပြာရောင်၊ အစိမ်းရောင်ရှိသည့် ကြေးပါသော သတ္တုရိုင်းများကို မီးဖိုပြုလုပ်ရာမှ မီးအပူဖြင့် ကြေးသတ္တုထုတ်လုပ်နိုင်ကြောင်း သိလာကြသည်။ မီးသွေးဖြင့် အပူပေးပြီးထွက်လာသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ဖြင့် ဓာတ်လျှော့ကာ အလွယ်တကူ ထုတ်ယူလုပ်နိုင်ကြောင်း ပို၍နားလည်လာကြသည်။

ခဲမဖြူကို တွေ့ရှိလာပြီး ခဲမဖြူသည် မီးခိုးရောင် သို့မဟုတ် အဖြူရောင်ဖြစ်သည်။ ခဲမဖြူသည် ကြေးသတ္တုထက် အရည်ပျော်ရန်လွယ်ကူကြောင်း သိလာကြသည်။ လေပြင်းမှုတ်ပေးခြင်းဖြင့် မီးဖိုပို၍ပူလာပြီး သတ္တုကို ပို၍လွယ်ကူစွာ ကိုင်တွယ်လုပ်ကိုင်နိုင်လာသည်။ ကြေးရည်ကျိုတတ်လာသည်။ ကြေးကို ထုရိုက်ခြင်းထက် သွန်းလောင်းရန် လွယ်ကူကြောင်း သိလာကြသည်။ ကြေးနှင့် သံဖြူရောပါက ကျောက်ခဲလောက်မာသော ကြေးနီကို လုပ်တတ်လာကြသည်။ သွပ်နှင့်ရောပါက ကြေးဝါကိုရသည်။ ကြေး၊ သံဖြူ၊ ခဲ၊ သွပ်တို့သည် သတ္တုပျော့များဖြစ်ကြသည်။

သံသတ္တုရိုင်းပါသည့် နီသောကျောက်ကို မီးသွေးနှင့်ရော၍ လေပြင်းမှုတ်ကာ အပူပေးခြင်းအားဖြင့် ပထမဆုံး သံကို ထုတ်လုပ်တတ်လာကြသည်။ ဦးစွာထုတ်လုပ်သောသံသည် ကြေးနီလောက်အသုံးမတည့်ကြပါ။ ကာလအတန်ကြာမှ သံကိုမီးသွေးဖြင့် မီးတိုက်၍ ထုနှက်ခြင်းဖြင့် အလွန်အသုံးကျ၍ မာကျောသောသံကို ထုတ်လုပ်တတ်လာသည်။ သံသည် ကြေး၊ ကြေးနီ၊ ကြေးဝါတို့ထက် အားသာချက်များစွာရှိသည်။ မာကျော၍ ပိုထက်သည်။ အသုံးချရန်နှင့် အဆင်တန်ဆာပြုလုပ်ရန် ပို၍သင့်တော်သည်။ လက်နက်ကိရိယာများကို တန်ဆာဆင်နိုင်သည်။ ထို့ကြောင့် သံသည် ကြေး၊ ကျောက်တို့ထက် အသုံးဝင်မှုတွင် သာလွန်သည်။ သံလက်နက်ကိရိယာများသည် တောခုတ်ခြင်း၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ သားသတ်လုပ်ငန်းများနှင့် ရန်သူကို ကာကွယ်သတ်ဖြတ်ရာတွင် ထိရောက်၍ အင်အားစိုက်ရန် မလိုပေ။ ဤစွမ်းရည်များက သံအတတ်ပညာကို အရှိန်ဖြင့် ပျံ့နှံ့ရန် လွယ်ကူစေခဲ့သည်။

**တိုက်ရိုက်သံချက်နည်းစဉ်**

ရှေးယခင်က သံရိုင်းမှ သံသတ္တုအဖြစ်သို့ ပြောင်းလဲသောနည်းစဉ်သည် သံကျိုချက်ခြင်းဖြစ်သည်။ တိုက်ရိုက်သံချက်နည်းစဉ်တွင် သံကို အစိုင်အခဲအဖြစ် ထုတ်လုပ်ပေး၍ သွယ်ဝိုက် သံချက်နည်းစဉ်တွင် သံရည်ကို ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ဖို၏အခြေမှ လေကိုသွင်းပြီး မီးသွေး သို့မဟုတ် ထင်းကို မီးရှို့ခြင်းဖြင့် အလွန်ပူပြင်းသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ထွက်လာသည်။ ယင်းဓာတ်ငွေ့သည် သံရိုင်းတွင်ပါဝင်သော သံအောက်ဆိုက်နှင့် ဓာတ်ပြုပြီး အောက်ဆီဂျင်ကိုဖယ်ထုတ်ကာ သံသတ္တုအမှုန်များကိုသာကျန်ရစ်စေသည်။ ယင်းကို ကျွန်တော်တို့က ဓာတ်လျှော့သည်ဟု ခေါ်သည်။ ဤဖြစ်စဉ်အတွင်းမှာ တစ်ပြိုင်နက်တည်း အပူကြောင့် သတ္တုရိုင်းတွင်ပါဝင်သည့် အညစ်အကြေးများ၊ ဆီလီကာများ၊ အလူမီနာပါဝင်သော ဖိုနံရံသားတို့ပါဝင်သည့်ချော်ရည်များထွက်ပေါ်လာသည်။

ချော်ရည်များသည် ဖို၏အခြေတွင် သွား၍စုပါသည်။ ဖလားပုံသဏ္ဌာန်ခဲသည်။ ကျဆင်းလာသော သံမှုန့်များသည် ဖလားပုံချော်ရည်အတွင်း၌ သံမြှုပ်ခဲအဖြစ် သွား၍စုသည်။ ပိုလျှံသော ချော်ရည်များကို တစ်ခါတစ်ရံ လုံလောက်စွာစုနိုင်အောင် ဖိုအခြေ၌ တွင်းထားရှိသည်။ တစ်ခါတစ်ရံ ချော်ရည်ကို ဖိုသားနံရံဖောက်၍ အပြင်သို့ မြောင်းဖြင့် သွယ်ထုတ်သည်။ ဤသို့ သံကိုအရည်မပျော်စေဘဲ သံချက်သောနည်းစဉ်ကို တိုက်ရိုက်ချက်သောနည်းစဉ်ဟု ခေါ်သည်။ အရှေ့တောင်အာရှနှင့်တကွ မြန်မာနိုင်ငံ၌ ရှေးသံချက်သောနည်းစဉ်များတွင် ဤနည်းစဉ်ကို အသုံးပြုခဲ့ကြသည်။

ယင်းသံချက်ဖိုမှ သံရိုင်းကို မီးသွေးက အပူပေးရာမှထွက်သောဓာတ်ငွေ့ကို ဓာတ်လျှော့ခြင်းဖြင့် တိုက်ရိုက်သံမြှုပ်ထု (sponge mass of iron) ကို ထုတ်လုပ်သည်။ ချော်နှင့်သံ ပေါင်းထားသည့် သံမြှုပ်ထုသည် အစိုင်အခဲအဖြစ်တည်ရှိသည်။ သံသည် 1535 °C ၌ အရည်ပျော်သော်လည်း တိုက်ရိုက်သံချက်သောနည်းစဉ်၌ 1250 °C ထက်မပိုပါ။ သံကို အပူထပ်မံပေး၍ ထုနှက်ခြင်းဖြင့် ပိုလျှံသော ချော်နှင့် မီးသွေးများကို ဖယ်ထုတ်ခြင်းဖြင့် သံကြွပ်ဖြစ်လာသည်။

တိုက်ရိုက်သံချက်ဖို ပုံအမျိုးမျိုးရှိသော်လည်း ဖိုတွင်အဓိကအားဖြင့် အပူချိန်မြင့်၍ ဓာတ်ပြုရန်ခွက်၊ တွင်း သို့မဟုတ် လိုဏ်ခေါင်းပါဝင်၍ အပူဒဏ်ခံနိုင်သော ဖိုနံရံများကို မြေကြီး သလင်းကြွယ်ရွှံ့စေး သို့မဟုတ် ကျောက်တို့ဖြင့် ကာရံပြုလုပ်ထားသည်။ သလင်းသည် ဖိုကို မြင့်မားသော အပူချိန်မှ မပျက်စီးရန် ကာကွယ်သည်။ အပူချိန်မြင့်မားရန် လုံလောက်သောလေလိုသည်။ ဖိုအခြေအနီးတွင် ဘေးနံရံကိုဖြတ်၍ အပေါက်ပါဝင်ပြီး ဖားဖိုမှ လေ သို့မဟုတ် သဘာဝလေစိမ်းကိုဝင်စေသည်။ ထို့ပြင် တစ်ခါတစ်ရံ ဖို၏ အခြေတွင်ပင် ချော်ထုတ်ရန်နှင့် မီးရှို့ရန် အပေါက်တို့ကို ထည့်သွင်းထားသည်။ တစ်ခါတစ်ရံ ချော်ထုတ်ရန် အပေါက်မထားဘဲ ချော်ကို ဖို၏ အတွင်းအခြေ၌ တွင်းတူးကာ စုလေ့ရှိသည်။

သံဖိုကို အသုံးမချမီ မီးသွေးနှင့် သံရိုင်းကို ပြင်ဆင်ရသည်။ သံချက်ရာတွင်သုံးရန် အကောင်းဆုံးသစ်မာကို အပူပေး၍ မီးသွေးဖုတ်ရသည်။ သံရိုင်းကို ဆေးကြောသန့်စင်ပြီး အပိုင်းအစအသေးလေးများပြုလုပ်၍ စိုထိုင်းဆမရှိအောင် သီးခြားမီးပေါ်တွင် လှော်ရသည်။ ကြီးမားသော အညစ်အကြေးများကို ဖယ်ရှားရသည်။ ထို့နောက် ဖိုနံရံခြောက်သွေ့ရန် မီးမွှေးကာ ဖိုအတွင်းအပြင်ကို အပူဖြင့်ကျင့်ရသည်။

မီးသွေးကိုမီးရှို့၍ဖိုကိုကြိုတင်အပူပေးရသည်။ ပူလာပါက သံရိုင်းနှင့် မီးသွေးကို ဖိုအပေါ်ပိုင်းမှ တစ်လှည့်စီ ထည့်ပေးသည်။ အကြမ်းအားဖြင့် ၁ : ၁ ဖြစ်သည်။ ဖိုတွင်းမှ တစ်ပိုင်းတစ်စ လောင်ကျွမ်းသောမီးသွေးမှ ထွက်ပေါ်လာသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သည် သံရိုင်းတွင် ပါဝင်သော သံအောက်ဆိုက်မှ အောက်ဆီဂျင်ကို ဖယ်ထုတ်ကာ သံအဖြစ်သို့ ပြောင်းလဲစေသည်။ ယင်းသို့ အောက်ဆီဂျင်ဖယ်ထုတ်သည်ကို ဓာတ်လျှော့သည်ဟု ခေါ်သည်။ သံရိုင်းမှ သံသို့ အရည်မပျော်ဘဲ သံအဖြစ်သို့ ပြောင်းလဲသောနည်းမှာ တိုက်ရိုက်သံချက်သော နည်းစဉ် (Direct Reduction Iron)ဟု ခေါ်သည်။ သတ္တုရိုင်းမှ အညစ်အကြေးများ ဆီလီကာနှင့် အောက်ဆီဂျင်ရောနေသည့် ချော်တွင် ဖာယာလိုက် (Fayalite) ခေါ် သံဒြပ်ပေါင်းပါဝင်သည်ကို တွေ့ရသည်။

ဤနည်းဖြင့် ထုတ်လုပ်ရာတွင် သံမှုန့်များ ဖို၏အခြေသို့ ကျလာသည်။ ထိုနေရာတွင် သံရိုင်းမှ မလိုအပ်သော အညစ်အကြေးပစ္စည်းများနှင့် ဖိုနံရံသားများပူးပေါင်း၍ အရည်ပျော်ကျလာသော ချော်များနှင့်သွားပေါင်းပြီး ဖိုအခြေတွင် မဲ၍ အပေါက်များပါသော မုန့်ပျားသလက်ပုံသဏ္ဌာန် သံကြမ်းခဲများကို ရသည်။ ကြိုချက်ရာမှာ ဆီလီကာ ထည့်ခြင်းဖြင့် သံ၏ အရည်ပျော်မှတ်ကို လျှော့ကျစေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် စစ်တွေမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့သွားရောက်ကြည့်ရှု မိုးစပါးစံပြစိုက်ကွက် သရုပ်ပြထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ပေးအပ်ပွဲအခမ်းအနားများ တက်ရောက်

**စစ်တွေ ဇွန် ၇**

စစ်တွေမြို့၌ ရောက်ရှိနေသော နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီး ချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းသို့သွားရောက်ကြည့်ရှုပြီး မိုးစပါးစံပြစိုက်ကွက် သရုပ်ပြ ထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

**မှာကြား**

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ရှိ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းခန်းမ၌ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ နှင့်တွေ့ဆုံ၍ မိမိတို့ သင်ကြားရ သည့်ဘာသာရပ်များကိုကျွမ်းကျင် စွာ တတ်မြောက်အောင် ကြိုးစား သင်ယူကြစေ လိုကြောင်း၊ သင်တန်းပြီးဆုံး၍ ပြည်သူလူထု အား ကျန်းမာရေးဝန်ဆောင်မှု ပေးရာတွင်လည်း ဝါသနာ၊ စေတနာ အရင်းခံပြီး ကြင်ကြင် နာနာ ကုသပေးကြစေလိုကြောင်း၊ နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် အားကိုးအားထား ပြုရသည့်သူ များဖြစ်အောင်ကြိုးစားဆောင်ရွက် ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် စာသင်ဆောင်၊ ထမင်းစားဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှု စစ်ဆေးကာ သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့် ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ် ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့ သည် စစ်တွေမြို့နယ် ပျားလည် ချောင်းကျေးရွာ၌ ကျင်းပသည့် မိုးစပါးစံပြစိုက်ကွက် သရုပ်ပြ ထွန်ယက်ခြင်းနှင့် စပါးမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တို့က အမှာစကား ပြောကြားကြ ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးစပါးစံပြစိုက်ကွက် သရုပ်ပြ ထွန်ယက်ခြင်း၊ စပါးမျိုးစေ့များ ထောက်ပံ့ ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် နှင့် ဒုတိယဝန်ကြီးများက ပျားလည် ချောင်းကျေးရွာ တောင်သူ လယ်သမားများအတွက် စိုက်ပျိုး ရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ် စပါးမျိုးစေ့နှင့် GW-11 စပါးမျိုးစေ့ အိတ်များကို ထောက်ပံ့ပေးအပ်ပြီး ဒေသခံ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာ သူများက ပျားလည်ချောင်း ကျေးရွာ မိုးစပါးစံပြစိုက်ကွက် များတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းအတွက် ပေးပို့ထားသည့် နယူးဟော်လန် ထွန်စက်များဖြင့်သရုပ်ပြထွန်ယက် နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေ ကျေးရွာ၌ ကျင်းပသည့် မိုးစပါး စံပြစိုက်ကွက် သရုပ်ပြထွန်ယက် ခြင်းနှင့် စပါးမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမှာစကားပြောကြားပြီး စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးစပါး စံပြစိုက်ကွက် သရုပ်ပြထွန်ယက် ခြင်း၊ စပါးမျိုးစေ့များ ထောက်ပံ့ ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် နှင့် ဒုတိယဝန်ကြီးများက ရွာသစ် ကေကျေးရွာရှိ တောင်သူလယ် သမားများအတွက် စိုက်ပျိုးရေး ဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ် စပါးမျိုးစေ့၊ GW-11 စပါးမျိုးစေ့ အိတ်များနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ထောက်ပံ့ပေးအပ် ပြီး ရွာသစ်ကေကျေးရွာ မိုးစပါး စံပြစိုက်ကွက်များတွင် နယူး ဟော်လန်ထွန်စက်များဖြင့် သရုပ်ပြ ထွန်ယက်နေမှုကို ကြည့်ရှု အားပေးသည်။

အဆိုပါ အခမ်းအနားများတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်း နောင်က နိုင်ငံတော်အစိုးရအနေ ဖြင့် မုန်တိုင်းဒဏ်သင့် ရခိုင် ပြည်နယ်အတွင်း ကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးအပိုင်းတွင် ရာသီချိန် အမီ ထွန်ယက်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ထွန်စက်များဖြင့် ကူညီထွန်ယက် ပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးများ ဖြန့်ဝေထောက်ပံ့ ပေးခြင်း၊ ရေငန်တားတာများ ပြုပြင်ပေးခြင်းများကို ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို အဓိကဦးစားပေး ကူညီထောက်ပံ့ ပေးသွားမည် ဖြစ်ကြောင်း၊ တောင်သူများ အနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်း ပြည့်မီ စေရေး မျိုး၊ မြေ၊ ရေ၊ သွင်းအားစု၊ နည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားလုံးပူးပေါင်း ပါဝင်သည့် လက်လှမ်းမီ သီးနှံပုံစံ သုတေသန လုပ်ငန်းများကိုလည်း တစ်ပါ တည်း ဆောင်ရွက်ရန် လိုအပ် ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ယခင်အခြေအနေ ထက် ပိုမိုသာလွန်ကောင်းမွန် အောင်ပြုပြင်ပြောင်းလဲဆောင်ရွက် ရာတွင် ဒေသခံပြည်သူများအနေ ဖြင့် အားသွန်ခွန်စိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း ပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါ မုန်တိုင်းဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သည့် တောင်သူလယ် သမားများ၏ လယ်ယာမြေများကို ကူညီထွန်ယက်ပေးရန် ဇွန် ၃ ရက် က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှု လယ်ယာဦးစီးဌာနမှ ပေးပို့သည့် နယူးဟော်လန် ထွန်စက် ၃၃ စီး စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ်၌ ယခင်ထွန်စက် ၄၇ စီးရှိပြီးဖြစ်သဖြင့် စုစုပေါင်း ထွန်စက်အစီး ၈၀ ဖြင့် ရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ကူညီ ထွန်ယက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအနေဖြင့် လည်း ရခိုင်ပြည်နယ်အတွင်း သမ ဝါယမစနစ်ဖြင့် မိုးစပါးဧက၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ဇွန် ၁ ရက်က ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံမှု နှင့် ပညာသင်ကြားနေမှုအနေဖြင့် ဇွန် ၆ ရက်အထိ အထက်တန်း အဆင့်၌ ၃၁၂၆၇၆ ဦး၊ အလယ် တန်းအဆင့်၌ ၁၀၀၈၁၅ ဦးနှင့် မူလတန်းအဆင့်၌ ၅၁၇၁၉ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၄၆၅၂၁၀ ကျောင်းအပ်နှံသင်ကြား လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ပျားလည်ချောင်းကျေးရွာတွင် ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်ခြင်းကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



မင်းပြားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၇

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်ရေးနှင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား နယူးဒေလီမြို့ရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



နေပြည်တော် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ Mr.Shirumalla Venkat Narayan နှင့် အဖွဲ့က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ The Global New Light of Myanmar သတင်းစာ အဆင့်မြှင့်တင်ပြောင်းလဲရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသတင်းများ ထည့်သွင်းဖော်ပြပေးရေး၊ အိန္ဒိယနိုင်ငံ၌ ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်းကျောင်းများတွင် မြန်မာနိုင်ငံမှ သင်တန်းသားများ ပိုမိုတက်ရောက်နိုင်ရေး၊ ပြည်ပမီဒီယာများ စိတ်ဝင်စားသည့် သတင်းနှင့် သတင်းပုံစံကျ ဖော်ပြနိုင်ရန် ဆောင်ရွက်ရေး၊ သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ နိုင်ငံပိုင်မီဒီယာနှင့် လွတ်လပ်သည့်မီဒီယာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံသတင်းသမားများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နယူးဒေလီရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နယူးဒေလီရှိ တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်း (The Foreign Correspondents' Club of South Asia – FCC ) ဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေနှင့် ဝန်ကြီးဌာနက လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ မြန်မာနှင့် ယခင်ဗြိတိသျှအိန္ဒိယဒေသ၌ ပါဝင်ခဲ့သောနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်မည့် အလားအလာများ၊ မြန်မာနှင့် အိန္ဒိယအရှေ့မြောက်ဒေသပြည်နယ်များအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ဒေသခံပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုများမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး Mr. Shirumalla Venkat Narayan က သိရှိလို၍ မေးမြန်းသည့်အချက်များကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အခြေစိုက် တောင်အာရှနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှ ပိုမိုသိရှိရေးနှင့် နိုင်ငံပိုင်သတင်းမီဒီယာများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်

# စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အခမ်းအနားကျင်းပ

**စစ်တွေ ဇွန် ၇**

စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားစတင် ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့ညပိုင်းတွင် စစ်တွေမြို့ ၆၆/၁၁ ကေဗွီ စစ်တွေ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးထိန်လင်း၊ ဒုတိယ ဝန်ကြီး များ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။






အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ၁၁ ကေဗွီ မေယု(၁) ဓာတ်အားလိုင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မေယု(၂) ဓာတ်အားလိုင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မေယု(၃) ဓာတ်အားလိုင်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက မေယု(၄) ဓာတ်အားလိုင်းတို့ကို စက်ခလုတ်နှိပ်၍ ဓာတ်အား ပို့လွှတ်ပေးကြသည်။

မုန်တိုင်းအလွန်ကာလ ဓာတ်အား ဖြန့်ဖြူးမှု ပထမအဆင့်အနေဖြင့် ယနေ့ညပိုင်းတွင် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ရှိ ပြည်သူများသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေး နိုင်ခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ကာဇန်မြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် ရောက်ရှိရာ **Shukshin** တက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ် **Elena Viktorovna Guselnikova**၊ တာဝန်ခံ ဒုတိယ ပါမောက္ခချုပ် **Dr. Mikhail Sergeevich Vlasov** နှင့် ညွှန်ကြားရေးမှူး **Dr. Natalya Grigoryevna Vinogradova** တို့က လေဆိပ်တွင် လာရောက်ကြိုဆို နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် **National Library of the Republic of Tatarstan** သို့သွားရောက်၍ စာအုပ်ငှားရမ်းမှုစနစ်၊ စာဖတ်ခန်းများ၊ စာအုပ်ဟောင်းများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **"Uram"** အားကစားရွာသို့ရောက်ရှိပြီး လူငယ်များအားကစား လေ့ကျင့်နေမှုကိုလည်းကောင်း၊ DJ School သို့ လည်းကောင်း သွားရောက်လေ့လာရာ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇွန် ၇**

လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃/၂၀၂၃)ကို ဖွင့်လှစ်ပေးသည်။



ယခုသင်တန်းကို စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ/စီမံကိန်းဆိုင်ရာလုပ်ငန်း များ၊ ကွန်ပျူတာ ၊ICT လုပ်ငန်းများ ပိုမိုတတ်ကျွမ်းနားလည်လာစေရန် အတွက် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်)မှ သင်တန်း နည်းပြ ၁၃ ဦးတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လက်ထောက် ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စုစုပေါင်း ၂၇၆ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၆ ရက်မှ ဇူလိုင် ၁ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ သက်မွေးပညာရပ်များ သင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီး ဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှွာငံ နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင် ကျောင်းများ ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ၊ လက်မှု သင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ် နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု ဖွင့်လှစ် ၍ သင်ကြားပေးလျက်ရှိသည့် အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၀ ကျောင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌သင်တန်း အပတ်စဉ်(၁/ ၂၀၂၃) ကျောင်း အခြေပြု သင်တန်းကို မေ ၂ ရက်မှ ဇွန် ၉ ရက်အထိ ဖွင့်လှစ်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံက ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၇**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီး ထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇွန် ၉ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ (ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်**မှ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဖားကန့်၊ မိုးမောက်၊ ပူတာအို၊ ခေါင်လန်ဖူး၊ မချမ်းဘော နှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်**မှ လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့စာစစ်ဌာန၊ **ကရင်ပြည်နယ်**မှ လှိုင်းဘွဲ့၊ သံတောင်၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်**မှ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီနှင့် ပလက်ဝစာစစ်ဌာန၊ **ရခိုင်ပြည်နယ်**မှ မောင်တောနှင့် ဘူးသီးတောင် စာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)**မှ မိုင်းခတ်၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း)**မှ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ မိုးမိတ်နှင့် မဘိမ်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)**မှ ပင်လောင်း၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ မိုင်းရှူး၊ ကျေးသီးမံစံ၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီး**မှ ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီး**မှ စေတုတ္တရာ၊ ငဖဲ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါနှင့် ထီးလင်းစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီး**မှ မင်းကင်း၊ ကလေးဝ၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ အရာတော်၊ ချောင်းဦး၊ ကနီ၊ ဆားလင်းကြီး၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ မော်လိုက်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်နှင့် နန်းယွန်းစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီး**မှ ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်ပါသည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ (၅၉၁၅ ကီလိုဟက်ဇ်) မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် (၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်) မှလည်းကောင်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်နေသော သွားနှင့်ခံတွင်းဆရာဝန်များနှင့် တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇွန် ၇**



ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့တွင် တာဝန် ထမ်းဆောင်နေသော သွားနှင့်ခံတွင်းဆရာဝန်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သွားနှင့်ခံတွင်း ဆရာဝန်များ တက်ရောက်ကြ သည်။

**ဦးစားပေးလုပ်ငန်းစဉ်တစ်ခု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သွားနှင့် ခံတွင်း ကျန်းမာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းစဉ် တစ်ခုဖြစ်သည့် လူတိုင်းလက်လှမ်းမီသည့် သာတူ ညီမျှ ကျန်းမာရေးစနစ် (Universal Health Coverage– UHC) ရရှိရေးဆောင်ရွက်ရာတွင် ပြည်သူလူထုအား သွားနှင့်ခံတွင်းဆိုင်ရာ အခြေခံကျန်းမာရေးစောင့် ရှောက်မှုများကို မြို့နယ်နှင့် တိုက်နယ်အဆင့်မှ ကျေးလက်ဒေသများအထိ ပိုမို၍ထိရောက်စွာ ပေးအပ် နိုင်ရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရန်အတွက် မြို့နယ်တိုင်းတွင် သွားနှင့် ခံတွင်းဆေးကုသမှုထိုင်ခုံ (Dental Chair) များနှင့် လိုအပ်သည့် ဆေးပစ္စည်းနှင့် စက်ပစ္စည်းကိရိယာများ လုံလောက်စွာထားရှိရေး၊ မြို့နယ်တိုင်းတွင် သွားနှင့် ခံတွင်းဆရာဝန်များကို ထားရှိရေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ သွားနှင့်ခံတွင်းဆရာဝန်များ အနေဖြင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဟူ၍ ကဏ္ဍခွဲခြားခြင်းမရှိဘဲ ပြည်သူလူထုနှင့် လူနာများ၏ အကျိုးကို ရှေးရှု၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသ ရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ကြရန်လိုအပ် ကြောင်း။

ပညာရပ်ဆိုင်ရာ တိုးတက်မှုများ အဆက်မပြတ် ရှိစေရေးအတွက် ဌာနတွင်း စဉ်ဆက်မပြတ် သင်ယူ လေ့လာခြင်းအစီအစဉ် (CME) များ ဆောင်ရွက်ခြင်း၊ ဌာနတွင်း ဉာဏ်သစ်လောင်းသင်တန်းများ ဆောင် ရွက်ခြင်း၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ ပညာရှင်များ နှင့်ပူးပေါင်း၍ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ များနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း စသည် တို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနကလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း။

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားရေးနှင့် လွှမ်းခြုံမှု ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် ကုသရေးလုပ်ငန်းများအပြင် ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အထူးအရေးပါသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျောင်းသား လူငယ်များ၏ သွားနှင့်ခံတွင်းကျန်းမာရေးကို အဓိက ထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မူကြို ကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများတွင် သက်ငယ်ကလေးသွားပိုးစားရောဂါ ကာကွယ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် သွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သက်ကြီးရွယ်အိုများအတွက် သွားနှင့်ခံတွင်းကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ စသည့် ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ကြ ရန်၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ရရှိစေရေးအတွက် မကြာမီသင်တန်းပြီးဆုံးမည့် သွားနှင့်ခံတွင်းဆိုင်ရာ အလုပ်သင်ဆရာဝန်များအား လုပ်ငန်းခွင်အတွင်းသို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ သွားဘက်ဆိုင်ရာ သူနာပြုနှင့် သွားဘက်ဆိုင်ရာ အကူသူနာပြုများကို လည်း မွေးထုတ်လျက်ရှိကြောင်း၊ ထို့ပြင် သွားတု ကျွမ်းကျင်ဝန်ထမ်းများကို တိုးချဲ့မွေးထုတ်၍ အလုပ် ခန့်ထားပေးပြီး သွားတုလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိကြောင်း။

သွားဘက်ဆိုင်ရာဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွေထွေရောဂါကုဆေးရုံများ တွင် သွားဆေးခန်းများကို ဖွင့်လှစ်ထားရှိသာမက သွားရောဂါကုသီးသန့်ဆေးရုံများကို တိုးချဲ့ဖွင့်လှစ် သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းက သွားနှင့်ခံတွင်း ဆရာဝန်များအနေဖြင့် စဉ်ဆက်မပြတ် လေ့လာ ဆည်းပူးနိုင်မည့် အခွင့်အလမ်းများ၊ ပညာရပ်ပိုင်း ဆိုင်ရာ တိုးတက်ရေးနှင့် ရာထူးတာဝန်အဆင့်ဆင့် ပေးအပ်နိုင်မည့် အခွင့်အလမ်းများ၊ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သည့် ဆေးပစ္စည်းနှင့်စက်ကိရိယာများကို စနစ်တကျ စာရင်းကောက်ယူ၍ တင်ပြနိုင်ရေး တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာ သည့် ညွှန်ကြားရေးမှူး (သွားကျန်းမာ) ဒေါက်တာ ခင်မောင်နှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်း အထူးကုဆရာ ဝန်ကြီးများ၊ သွားနှင့်ခံတွင်းဆရာဝန်များက လုပ်ငန်း ဆောင်ရွက်မှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ကုန်းမြို့နယ်၌ (၃၂)ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့လူနာဆောင်ဖွင့်ပွဲ ကျင်းပ



**ကျောက်ကုန်း ဇွန် ၇**

ဧရာဝတီ တိုင်းဒေသကြီး ကျောက်ကုန်းမြို့နယ် ပြည်သူ့ ဆေးရုံဝင်းအတွင်း ဆောက်လုပ် ထားသော (၃၂)ခုတင်ဆံ့ နှစ်ထပ် တိုးချဲ့လူနာဆောင်ဖွင့်ပွဲ အခမ်း အနားကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင်မောင်ဝင်း၊ အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းနှင့် အလှူရှင် ဦးကြည်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်း အား အမွှေးနံ့သာရည်ပက်ဖျန်း ပေးခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အနောက်တောင်တိုင်း စစ်ဌာန ချုပ်တိုင်းမှူးက ဂုဏ်ပြုအမှာ စကားပြောကြားသည်။ အလှူ ရှင် ရန်ကုန်မြို့နေ ကျောက်ကုန်း မြို့နယ်အသင်း အတွင်းရေးမှူး ဦးကြည်လွင်က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြား ပြီး အဆောက်အအုံနှင့်ပတ်သက် သော လှူဒါန်းမှုမှတ်တမ်းကို လွှဲပြောင်းပေးအပ်ရာ မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အေးနိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်မှာ ထူးခြားစည်ကားပြည့်စုံစွာ ဂုဏ်ပြုကျင်းပတော့မည့် (၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆု

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

(၂၉)ကြိမ်မြောက်ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်နေကြလေပြီ။

ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်က စတင်ချီးမြှင့်ခဲ့စဉ် ရန်ကုန်မြို့၌တစ်နှစ်၊ ပခုက္ကူမြို့၌တစ်နှစ်၊ ရန်ကုန်မြို့နှင့် ပခုက္ကူမြို့တစ်လှည့်စီ ကျင်းပခဲ့ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ပခုက္ကူစာပေဆု ချီးမြှင့်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ပြီးနောက်ပိုင်း ပခုက္ကူစာပေဆုချီးမြှင့်ပွဲများကို ရန်ကုန်မြို့မှာသာ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ပခုက္ကူမြို့တွင် တစ်နှစ်ကျင်းပရန် စီစဉ်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ သည်ကြားထဲတွင် ကမ္ဘာ့ကပ်ရောဂါကိုဗစ်ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ဆုချီးမြှင့်ပွဲ မကျင်းပနိုင်ဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ရန်ကုန်မြို့၌ စဉ်ဆက်မပြတ်ဆက်လက်ကျင်းပနိုင်ခဲ့ပါသည်။

ယခု(၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲကိုမူ ထူးထူးခြားခြား နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ဝမ်းသာကြည်နူးရွှင်မြူးတက်ကြွနေကြပါသည်။ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကိုသာ နေပြည်တော်၌ ဂုဏ်ပြုကျင်းပပေးလေ့ရှိရာ ယခုနှစ်မှာတော့ ပခုက္ကူစာပေဆုကိုပါ နေပြည်တော်၌ ဂုဏ်ပြုချီးမြှင့်ပေးသဖြင့် ဆုရယူကြမည့် စာပေပညာရှင်များက ပို၍ပို၍ ဂုဏ်ယူ ဝမ်းသာပီတိဖြာနေကြပါသည်။

**စာပေ၏ကျေးဇူး**

**“သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင်ဦးအုံးဖေ”**သည် ဘဝသံသရာခရီးတွင် လောကခံ၏အဖိအနှိပ်၊ အထုအထောင်းဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရရာမှ အခါအခွင့်သင့်တိုင်း လက်လှမ်းမီရာ စာတိုပေစများကို ဖတ်ရှုမှတ်သား လိုက်နာကျင့်သုံးခဲ့သည်။ အနိမ့်ဆုံးအဆင့် နေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ)များကို ရေးသားနေခဲ့ရာ ပြဿနာအချို့ကို အထောက်အထားများအဖြစ် ဖြေရှင်းနိုင်ခဲ့ပြီး ဘဝတက်လမ်းအတွက်လည်း ပံ့ပိုးမှုများစွာရခဲ့သည်။

ဦးအုံးဖေသည် စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် အသိအမြင်ကျယ်ပြန့် ဗဟုသုတတိုးပွားလာပြီး ရိုးရိုးသားသား ကြိုးစားလာခဲ့ရာ **“သိန်းတစ်ရာဆေးပေါင်းရုံ ပိုင်ရှင်ကြီးဘဝ”** သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှစ၍ ကွယ်လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်အထိ နေ့စဉ်မှတ်တမ်းကို နေ့စဉ်မပြတ်ရေးသားခဲ့သော ဦးအုံးဖေသည် ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးဖြင့်သာ သွားလာနေခဲ့သည့်အပြင် လမ်းလျှောက်သွားလာသင့်ပါက လမ်းလျှောက်သွားလာခဲ့သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားချင့်ချိန်သုံးသပ်ပြီး သမ္မာအာဇီဝစီးပွားရေးလုပ်ငန်းကိုသာ စွဲစွဲမြဲမြဲနှံ့ရှိစွာ လုပ်ကိုင်ခဲ့သည်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားရှာဖွေ စုဆောင်းနိုင်ခဲ့သောကြောင့် ဆေးပေါင်းရုံပိုင်ရှင်ကြီး ဖြစ်လာခဲ့ပါသည်။

ငွေကြေးဓနပြည့်စုံကြွယ်ဝလာသော ဦးအုံးဖေသည် ဘဝ၏ အတက်အကျကို ကိုယ်တွေ့ခံစားခဲ့ရသောကြောင့် ဘဝကို မည်သည့်အခါမျှမမေ့ဘဲ ကြုံတွေ့ခဲ့ရသည်များကို သံဝေဂရပြီး စာနာကူညီလိုစိတ် သဒ္ဓါကြည်ဖြူစိတ်များ ပေါ်ပေါက်နေလေ့ ရှိပါသည်။ ထို့ကြောင့် လူမှုရေးကိစ္စအဝဝတွင်လည်း စေတနာထက်သန်စွာ လှူဒါန်းလေ့ရှိခဲ့သည်။ ၁၉၆၁ ခုနှစ်မှစတင်၍ ၁၉၇၁ ခုနှစ်အထိ ပခုက္ကူမြို့တွင် အနာကြီးရောဂါသည်များအား လုံချည်တစ်ကွင်းစီ စတင်လှူဒါန်းခဲ့သည်။ ဆေးရုံသို့လည်း နှစ်စဉ်ငွေကျပ် ၁၀၀၀ နှုန်းလှူဒါန်းခဲ့သည်။ ၁၉၈၁ ခုနှစ်က အသက် ၆၄ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ငွေကျပ် ခြောက်သိန်းလေးသောင်းတိတိကို မီးဘေးကယ်ဆယ်ရေးရန်ပုံငွေအဖြစ် လှူဒါန်းခဲ့သည်။ ထိုနှစ်မှာပင် သာသနနုဂ္ဂဟဆွမ်းလောင်းအသင်းသို့ ငွေကျပ်တစ်သိန်းနှင့် ၁၂၇၉ ကျပ် လှူဒါန်းခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ပခုက္ကူမြို့နယ် ကောလိပ်ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးအတွက် ငွေကျပ် ရှစ်သိန်းနှင့် ၁၂၇၉ ကျပ် လှူဒါန်းခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၏ ဆေးဝါးရန်ပုံငွေအဖြစ် ငွေကျပ် ခုနစ်သိန်းနှင့် ၁၂၇၉ ကျပ်၊ ပခုက္ကူစာသင်တိုက်ကြီးသုံးတိုက်သို့ ဆွမ်း၊ ကွမ်း၊ ဟင်းလျာအတွက် ငွေကျပ်တစ်သိန်းနှင့် သုံးထောင်ကျပ်တို့ကို လှူဒါန်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပခုက္ကူမြို့နယ် ခုတင်(၁၀၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်းနှင့် ၁၂၇၉ ကျပ် လှူဒါန်းခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ပခုက္ကူမြို့၌ **“ပခုက္ကူဦးအုံးဖေစာကြည့်တိုက်”** ကို ငွေကျပ်သိန်း ၆၀ခန့် မတည်လှူဒါန်း၍ ဆောက်လုပ်ခဲ့သည်။

**စာပေဒါနပေးဝေ**

စာပေကျေးဇူး အထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် **“စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်”** ဟူသော စာပေရည်ရွယ်ချက်ဖြင့် စာပေဒါနကို ဆက်လက်ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁ ခုနှစ် နိုဝင်ဘာလက နှုတ်ဖြင့်ရော စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏အသက် (၇၅)နှစ်မြောက် မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း **“ပခုက္ကူစာပေဆု”** ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ် စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံ အကူညီတောင်းခဲ့ပါသည်။

ဦးအုံးဖေ၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက နိုင်ငံတော်သို့ ငွေ၇၆၀၁၂၇၉ ကျပ် လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပခဲ့ပါသည်။

**❒ ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုးသတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂)ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃)ကဗျာပေါင်းချုပ်ဆု၊ (၄)ကျမ်းစာပေဆု၊ (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာစာပေဆုများဖြစ်**

**❒ စာပေဆုများအတွက် ဘာသာရပ် တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာ စာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကိုရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်**

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။ မူလက(၇၅)နှစ်ပြည့် အထိမ်းအမှတ် ငွေကျပ် ၇၅ သိန်းလှူဒါန်းရန် ရည်မှန်းထားသော်လည်း ၇၆ နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏မွေးခုနှစ်သက္ကရာဇ် ၁၂၇၉ ကိုပါ ရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်း ထည့်သွင်းလှူဒါန်းနေကြောင်း သိရပါသည်။ ထိုမျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့ပါသည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူ မတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင် အပ်နှံထားရပြီး အတိုးငွေတန်ဖိုး စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ် သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီး တိုးပွားစေရန်အတွက် ဘဏ်တွင် ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့ပါသည်။ ဆိုလိုသည့်သဘောမှာ နှစ်စဉ် ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုးသတ်မှတ်ထားရာ (၁)ဝတ္ထုရှည်ဆု၊ (၂)ဝတ္ထုတိုပေါင်းချုပ်ဆု၊ (၃)ကဗျာပေါင်းချုပ်ဆု၊ (၄)ကျမ်းစာပေဆု၊ (၅)သုတေသနစာပေဆုနှင့် (၆)တစ်သက်တာစာပေဆုများ ဖြစ်ကြပါသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာ စာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကိုရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ **“ပညာသင်ဆုအဖြစ်”** အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူနှစ်ဦးစီကို ချီးမြှင့်ခဲ့ကြပါသည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာ ချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် **“ဒုတိယဆုများ”**၊ ၁၉၉၆ ခုနှစ်တွင် **“တတိယဆုများ”** တိုးမြှင့် ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏အမွေကို ဆက်ခံခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ခြင်း ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက် ကြိုးပမ်းထမ်းရွက်နေပြီး ဆုချီးမြှင့်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ တာဝန်ရှိကြသူများနှင့် ပူးတွဲလျက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

စာပေဒါနအလှူရှင်ကြီး ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို **“ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု”**ဟူ၍ အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

အလှူရှင်သတ်မှတ်ခဲ့သော ဘဏ်တိုးထဲတွင် ၆၀ ရာခိုင်နှုန်းကို စာပေဆုများအတွက် လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အတွက်လည်းကောင်း စုစုပေါင်းဘဏ်တိုးထဲမှ ၉၀ ရာခိုင်နှုန်း သုံးစွဲခွင့်မှာ ခေတ်အမျိုးမျိုး အခြေအနေအရ လုံလောက်မှုတစ္စာ သုံးစွဲနိုင်ခြင်းမရှိသဖြင့် စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက အလှူရှင်များကို နှစ်စဉ် ရှာဖွေဖြည့်ဆည်းပေးနေခဲ့ရပါသည်။ အထူးသဖြင့် စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဝင် ဒုဥက္ကဋ္ဌ(၁)ဖြစ်သော ဦးတင့်ဆွေ(ယခုကွယ်လွန်)သည် စာပေဆုအတွက်ရော ပခုက္ကူမြို့ရှိ ဦးအုံးဖေစာကြည့်တိုက်အတွက်ပါ နှစ်စဉ် အလှူခံပေးခဲ့ရာ အထူးပင်ကျေးဇူးကြီးမားလှပါပေသည်။ အလှူရှင်ဦးအုံးဖေအတွက် ဦးတင့်ဆွေက အစွမ်းကုန် အကျိုးဆောင်ပေးခဲ့လေရာ ပခုက္ကူစာပေဆုနှင့် ပခုက္ကူမြို့ ဦးအုံးဖေစာကြည့်တိုက်ဆုအတွက် ဂုဏ်တက်စေခဲ့ပါသည်။

ပခုက္ကူစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာမှ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ၂၀၁၃ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့မှုအခြေအနေကို တင်ပြလိုပါသည်။ ထိုအချိန်က လွှဲပြောင်းပေးခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေမှာငွေကျပ် ၃၆၈ သိန်းကျော်သာရှိခဲ့ပါသည်။ ဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် ကျပ်သိန်း ၄၀ ခန့်သာရခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေစေတနာရှင်၊ အလှူရှင်များကို နှစ်စဉ်ရှာဖွေ အကူအညီတောင်းခံခဲ့ရပါသည်။ ထိုအချိန်က စာပေဆုချီးမြှင့်ပွဲကုန်ကျစရိတ်မှာ နှစ်စဉ်ကျပ်သိန်း ၆၀ ကျော်၊ ၇၀ကျော်ခန့်သာ ကုန်ကျခဲ့ပါသည်။ ယခုဆိုလျှင် ကျပ်သိန်း ၁၆၀ ကျော် ကုန်ကျနေပါသည်။ ထိုက်သင့်သော စာပေဆုချီးမြှင့်ငွေ တိုးမြှင့်ပေးခြင်းနှင့် ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် စာပေဆုရန်ပုံငွေကို နှစ်စဉ် စိစစ်ချွေတာသုံးစွဲနေခဲ့ရသလို အလှူရှင်များကိုလည်း ရှာဖွေနေခဲ့ရပါသည်။ ထိုသို့ ကုန်ကျငွေများပြားသည့်ကြားမှ ရန်ပုံငွေ မလျော့နည်းအောင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စွမ်းဆောင်နိုင်သမျှ ကြိုးပမ်းခဲ့ရာ ယခုဆိုလျှင် ရန်ပုံငွေ ထိုက်သင့်အားလျော်စွာ ရရှိနေပါသေးသည်။

**ထူးချွန်ဆုများ**

**“ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု”** (၂၉)ကြိမ်အတွင်းတွင် တစ်သက်တာစာပေဆုရှင် ၃၅ ဦး ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၅၁ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှစတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်အထိ ၄၁ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ ●

● စာမျက်နှာ ၁၁ မှ

### အမျိုးသားစာပေဆုရသူများ

ပခုက္ကူစာပေဆုကို ၁၉၉၄ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ ၂၀၂၃ ခုနှစ် (၂၉)ကြိမ်မြောက်အထိ စာပေဆုရရှိသူ ၃၅၁ ဦး ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် (၂၈)ကြိမ်မြောက်အထိ ပထမဆုရရှိခဲ့သော စာမူ ၁၀၅ အုပ်ကိုသာ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၎င်းတို့အထဲမှ အမျိုးသားစာပေဆု ၁၂ ဆုရရှိခဲ့ရာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ၁၉၉၇ ခုနှစ် | ဝတ္ထုတိုပေါင်းချုပ်ဆု | ကိုနေ(ကောလင်း) |
| ၂။ | ၁၉၉၈ ခုနှစ် | ဝတ္ထုရှည်ဆု | နန္ဒာစိုး(ဆင်ဖြူကျွန်း) |
| ၃။ | ၁၉၉၈ ခုနှစ် | ဝတ္ထုတိုပေါင်းချုပ်ဆု | နေမျိုးသန့် |
| ၄။ | ၁၉၉၉ ခုနှစ် | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေဆိုင်ရာစာပေဆု | ဦးမြတ်ကျော် |
| ၅။ | ၂၀၀၃ ခုနှစ် | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေဆိုင်ရာစာပေဆု | မောင်သစ္စာ |
| ၆။ | ၂၀၀၅ ခုနှစ် | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေဆိုင်ရာစာပေဆု | မင်းသျှင်အောင်(တွံတေး) |
| ၇။ | ၂၀၀၅ ခုနှစ် | စာပဒေသာဆု | မောင်မိုးယံ |
| ၈။ | ၂၀၀၇ ခုနှစ် | ကဗျာဆု | သန်းအောင်(အညာမြေ) |
| ၉။ | ၂၀၀၉ ခုနှစ် | ဝတ္ထုတိုပေါင်းချုပ်ဆု | မောင်ခြိမ့် |
| ၁၀။ | ၂၀၁၀ ပြည့်နှစ် | လူငယ်စာပေဆု | တင်မြင့်(နေမျိုးသန့်) |
| ၁၁။ | ၂၀၁၁ ခုနှစ် | ဝတ္ထုတိုပေါင်းချုပ်ဆု | ရဲမြတ်တင် |
| ၁၂။ | ၂၀၂၀ ပြည့်နှစ် | ဂန္ထဝင်ကဗျာဆု | ချစ်ဆုအောင် |

ပခုက္ကူစာပေဆုရှင်များထဲမှ အမျိုးသားစာပေဆုရသူများအဖြစ် ထူးချွန်ပေါ်ထွက်လာကြသည်ကို ထောက်ရှုခြင်းအားဖြင့် ပခုက္ကူစာပေဆု၏ ဂုဏ်ရည်မြင့်မားမှုကို သိသာနိုင်ပါသည်။ ယခုလက်ရှိအခြေအနေအရ ပခုက္ကူစာပေဆုများထဲမှ ပထမဆုရစာမူများကိုသာ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေပေးနေခဲ့ရာ ဖြစ်နိုင်ပါက ပခုက္ကူစာပေဆုများထဲမှ ဒုတိယဆုနှင့် တတိယဆုရစာမူများကိုပါ ပုံနှိပ်ထုတ်ဝေပေးသင့်ပါသည်။

### ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်များ

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရရှိသူများကို မှတ်တမ်းတင်ထားရာ ၁၉၉၄ ခုနှစ်တွင် ဆရာကြီး ဦးထင်ဖတ်(မောင်ထင်)နှင့် ဆရာကြီးဦးတင်မြင့်(သခ်ီ)၊ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ဦးရန်အောင် (ရန်အောင်)နှင့် ဦးသိန်းမောင်(သုခ)၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ဦးကိုလေး(ဇေယျာမောင်)၊ ၁၉၉၇ ခုနှစ်တွင် ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)၊ ၁၉၉၈ ခုနှစ်တွင် ဦးအုန်းဖေ(တက်တိုး)၊ ၁၉၉၉ ခုနှစ်တွင် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ၂၀၀၀ ပြည့်နှစ်တွင် ဦးသန်းထွတ် (တိုက်စိုး)၊ ၂၀၀၁ ခုနှစ်တွင် ဦးဌေးမြိုင်(ဒဂုန်တာရာ)၊ ၂၀၀၂ ခုနှစ်တွင် ဦးလှကြိုင်(ပါရဂူ)၊ ၂၀၀၃ ခုနှစ်တွင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ၂၀၀၄ ခုနှစ်တွင် ဒေါ်ရင်ရင်(စောမုံညင်း)၊ ၂၀၀၅ ခုနှစ်တွင် ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)နှင့် ဒေါ်ကြန်(မကြန်)၊ ၂၀၀၆ ခုနှစ်တွင် ဒေါ်သိန်းဆိုင်(မမြတ်လေး)၊ ၂၀၀၇ ခုနှစ်တွင် ဒေါ်ခင်ဆွေဦး(ခင်ဆွေဦး)၊ ၂၀၀၈ ခုနှစ်တွင် ဒေါက်တာသော်ကောင်း(ဦးသော်ကောင်း)၊ ၂၀၀၉ ခုနှစ်တွင် ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)၊ ၂၀၁၀ ပြည့်နှစ်တွင် ဒေါက်တာဦးသိန်းညွှန့်(ညွှန့်ဝေ-ကသာ)၊ ၂၀၁၁ ခုနှစ်တွင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ၂၀၁၂ ခုနှစ်တွင် ဦးမောင်မောင်ခင်(တက္ကသိုလ်မောင်မောင်ခင်)၊ ၂၀၁၃ ခုနှစ်တွင် ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ၂၀၁၄ ခုနှစ်တွင် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ၂၀၁၅ ခုနှစ်တွင် ဦးညိုဝင်းနှင့် ဒေါက်တာချစ်၊ ၂၀၁၆ ခုနှစ်တွင် ဦးမောင်ကလေး (သောကြာမောင်ကလေး)၊ ၂၀၁၇ ခုနှစ်တွင် ဦးချစ်လွင်(တောသားကြီးလူနိုင်)၊ ၂၀၁၈ ခုနှစ်တွင် ဒေါက်တာသန်းဦး(ပြည်စိုးမင်း)၊ ၂၀၁၉ ခုနှစ်တွင် ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)၊ ၂၀၂၀ ခုနှစ်တွင် ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ၂၀၂၂ ခုနှစ်တွင် ဒေါက်တာမျိုးသန့်တင်နှင့် ဦးညွှန့်ဆွေ(မောင်ဆွေသက်)၊ ၂၀၂၃ ခုနှစ်တွင် ဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး) စုစုပေါင်း ၃၅ ဦးဖြစ်ပါသည်။

### ပညာဒါနနှင့် ပညာထူးချွန်ဆု

အလှူရှင်ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲအခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှရရှိသော အတိုးအညွှန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့ပါသည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများကို အလှူရှင် ဦးအုံးဖေ၏ ဆန္ဒနှင့်အညီ နှစ်စဉ်ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်ရောဂါကြောင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားခဲ့ရပါသည်။

ယခုနှစ်တွင် ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ပညာရည်ချွန်ဆုရရှိသူများကို ဆုချီးမြှင့်နိုင်ရန် စိစစ်နေဆဲဖြစ်ကြောင်း သိရပါသည်။

စေတနာရှင်ဦးအုံးဖေသည် သူနေထိုင်ကြီးပြင်းခဲ့ရာ ဇာတိကျေးရွာ **"ထနောင်းကုန်းရွာ အသိပညာ စာကြည့်တိုက်"** သို့လည်း ငွေကျပ် ၂၄ သိန်း မတည်လှူဒါန်းခဲ့သေးသည်။ ဦးအုံးဖေသည် ၁၉၈၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘာသာရေးနှင့် လူမှုရေးအတွက် ငွေကျပ် ၄၇၈၀၂၃၅၃ ကျပ် (၄၇၈)သိန်းကျော် လှူဒါန်းခဲ့ပါသည်။ ထိုခေတ် ထိုအခါက လှူဒါန်းခဲ့သော စုစုပေါင်းအလှူငွေကျပ် ၄၇၈ သိန်းကျော်မှာ လွန်စွာတန်ဖိုးရှိ ထူးမြတ်လှပါပေသည်။

### ဂုဏ်ပြုချီးမြှင့်ခံရသူ

လှူဒါန်းမှုရက်ရော စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ် စာပေဆုများ၊ စာကြည့်တိုက်များ၊ ပညာရည်ချွန်ဆုများကို လှူဒါန်းရုံဖြင့် အားမရသေးဘဲ၊ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ ကောင်းတာရော ဆိုးတာပါ မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေး အတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့ပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်ပါသည်။ သူ့ဘဝအတွေ့အကြုံ စာပေဒါနပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ **"တွေ့ရကြုံရ ကျွန်တော့်ဘဝ"** (ပထမအတွဲ) (ဒုတိယအတွဲ) (တတိယအတွဲ)များ ဖြစ်ကြပါသည်။

ဦးအုံးဖေ၏ ဘဝတစ်စိတ်တစ်ပိုင်းအမှန်များကို ဦးအုန်းဖေ၏ ဆန္ဒနှင့်အညီ ဆရာတက္ကသိုလ်စိန်တင်က **"ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ"** စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို ရရှိခဲ့ပါသည်။ ထိုနည်းတူ ဦးအုံးဖေကလည်း သူရေးသားခဲ့သည့် **"တွေ့ရကြုံရ ကျွန်တော့်ဘဝ"** စာအုပ်များဖြင့် **"၂၀၀၁ ခုနှစ် ဆရာဝန်တင်ရွှေ"** စာပေဆုကို ထိုက်တန်စွာ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ကြီးလည်း ဖြစ်ခဲ့ပါသည်။

အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန်သွားရှာသော သူ၏မိခင်ကို တမ်းတပြီး **"ကျုပ်အမေလောက် အသက်ရှည်ရင် ကျေနပ်ပါပြီဗျာ။ လုပ်စရာရှိတဲ့ စာပေတာဝန်ကလေးတွေ ပြီးပြတ်အောင် လုပ်သွားချင်လို့ပါ။ လှူချင်တာလေးတွေ လှူပြီးရင် သေဆိုသေပါ့မယ်ဗျာ။ အဆင်သင့်ပါပဲ"**ဟု ဆရာတက္ကသိုလ်စိန်တင်ကို ပြောကြားခဲ့သော ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်း ရှားတောကျေးရွာ၌ မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အသက် ၉၁ နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့ပါသည်။

ထို့ကြောင့် ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် **"လူမှုထူးချွန် (ပထမဆင့်)"** နှင့် ၂၀၂၂ ခုနှစ်တွင် **"သီပွကျော်စွာ"**ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကွယ်လွန်သွားရှာသော ဦးအုံးဖေသည် မြန်မာစာပေနှင့်အတူ ဘယ်သောအခါမျှ နာမည်မသေဘဲ သားအစဉ် မြေးအဆက် မြစ်အညွှန့် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည်မှာ မလွဲကေန် ပါတည်း။

ပခုက္ကူဦးအုံးဖေစာပေဆုသည် သူ၏ရည်ရွယ်ချက်နှင့်အညီ မြန်မာစာပေ တိုးတက်မြင့်မားရေးနှင့် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးအတွက် စံပြုအတုယူထိုက်သည့် စာပေဆုပင်ဖြစ်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီနေလေရာ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့်လည်း အခြေအနေပေးလျှင် ပေးသည့်အလျောက် **"ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု"**ကို ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းထမ်းရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

**ကိုးကား။** ။ **တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့ အကြုံများစာအုပ်၊ ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆု အကြောင်းအရာစာအုပ်များ၊**

## စဉ့်ကူးမြို့နယ်၌ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**စဉ့်ကူး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်များ၏သားသမီးများအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က စဉ့်ကူးမြို့ မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နီချစ်က ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရဲမှူးဇော်နီချစ်နှင့် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်အေးခိုင်တို့က အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ စဉ့်ကူးမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်စိန်နှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအတွင်းရေးမှူး ဒေါ်ခင်မေသန်းတို့က အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ လက်ပန်လှနယ်မြေရဲစခန်းမှူး ဒုရဲမှူးကျော်မြင့်ဦးနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင် ဒေါ်အိအိခင်တို့က မူလတန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ပညာသင်ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၂၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၀၃,၆၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၃၇၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၈,၃၆၃) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက လပွတ္တာမြို့နယ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွှန့်နှင့် ဌာနဆိုင်ရာများက ပျိုးပင် ၇၄၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက် နံနက် ၈ နာရီတွင် အမက (ဝေလာဝေးချောင်းဖျား) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဟိန်းထက်ဇော်နှင့် ဌာနဆိုင်ရာများက ပျိုးပင် ၄၇၈ ပင်ကို စိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအား ပံ့ပိုးပေးမည့် စက်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်း



တိုကျို ဇွန် ၇

ဂျပန်နိုင်ငံလွှတ်တော်က နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား ပံ့ပိုးပေးမည့် စက်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် စီမံထားသည့် ဥပဒေတစ်ရပ်ကို ယနေ့ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေ၏ အဓိကပြဋ္ဌာန်းချက်တွင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ မစ်ရှင်များတွင် အရေးကြီးသည့် စက်ပစ္စည်းကိရိယာများအတွက် အစိုးရအား စီစဉ်နိုင်ခွင့်ရရှိရန်နှင့် ကုမ္ပဏီတစ်ခုသည် လုပ်ငန်း ဆက်လက်မလုပ်ဆောင်နိုင်ပါက လုပ်ပိုင်ခွင့်ကို အခြားကုမ္ပဏီများထံ လွှဲအပ်ရန်ဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းကို ဇွန် ၇ ရက်တွင် ပြုလုပ်သည့် အထက်လွှတ်တော် စုံညီအစည်းအဝေးတွင် ထောက်ခံမဲအများစုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ကိုမီတိုပါတီများအပြင် အတိုက်အခံပါတီများကပါ ၎င်းကို ထောက်ခံခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ကန်ထရိုက်တာများထံ ပေးအပ်သည့် လျှို့ဝှက်အချက်အလက်များကို ကာကွယ်ရေးပစ္စည်းလျှို့ဝှက်ချက်များအဖြစ် သတ်မှတ်ရန် ဥပဒေတွင် ခွင့်ပြုထားသည်။

လျှို့ဝှက်အချက်အလက် ပေါက်ကြားပါက တာဝန်ရှိသူများကို ရာဇဝတ်ကြောင်းအရ အပြစ်ပေးနိုင်သည်။ ၎င်းတို့အား ထောင်ဒဏ် တစ်နှစ်အထိ သို့မဟုတ် ဒဏ်ငွေ ယန်း ၅၀၀၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၆၀၀ ခန့်အထိ ချမှတ်နိုင်သည်။

၎င်းတို့၏ ထောက်ပံ့ရေးကွင်းဆက်နှင့် ဆိုက်ဘာလုံခြုံရေးစနစ်များကြောင့် အခက်အခဲများဖြစ်ပေါ်သည့်အချိန်တွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို အစိုးရက ပေးဆောင်ရမည်ဖြစ်သည်ဟု အဆိုပါဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်များကို နိုင်ငံရပ်ခြားသို့ လွှဲပြောင်းရာတွင် အကူအညီရရှိရန်အတွက် အစိုးရအား ရန်ပုံငွေတစ်ခု ဖန်တီးရန် ဥပဒေက ခွင့်ပြုထားကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်




# ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် ငွေပေးချေသည့်စနစ် ဒုတိယအဆင့် စတင်ဆောင်ရွက်

ဖနောင်ပင် ဇွန် ၇

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကျူအာကုတ်စနစ်ဖြင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေနိုင်သည့်စနစ် ဒုတိယအဆင့်ကို ယမန်နေ့က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းစနစ်အရ ကမ္ဘောဒီးယားနိုင်ငံတွင် ထိုင်းနိုင်ငံသားများ ပစ္စည်းဝယ်ယူပါက ဘတ်ငွေဖြင့် ပေးချေနိုင်မည်ဖြစ်သည်။

၎င်းနယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ် ဒုတိယအဆင့် စတင်ဆောင်ရွက်သည့်အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပရာ ကမ္ဘောဒီးယား အမျိုးသားဘဏ်ဥက္ကဋ္ဌချီချန်တိုနှင့် ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဆူသီဝါနာရူပက်တို့ တက်ရောက်ခဲ့ကြသည်။ ယခုကဲ့သို့ နယ်စပ်ဖြတ်ကျော်ငွေပေးချေသည့်စနစ်ကို အသုံးပြုခြင်းဖြင့် နှစ်နိုင်ငံအကြား သက်ဆိုင်ရာငွေကြေးများသုံးစွဲခြင်းကို မြှင့်တင်နိုင်ပြီး နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်နိုင်ကာ ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုငွေပေးချေမှုစနစ်၏ ပထမအဆင့်ကို ၂၀၂၀ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ရာ ပထမအဆင့် တွင် ကမ္ဘောဒီးယားနိုင်ငံသားများက ထိုင်းနိုင်ငံရှိ လက်လီကုန်သည်များထံ ဝယ်ယူသည့် ကုန်ပစ္စည်းအတွက် မိုဘိုင်းဖုန်း အက်ပလီကေးရှင်းဖြင့် ငွေပေးချေနိုင်ခဲ့ကြောင်း သိရသည်။

ယခုနယ်စပ်ဖြတ်ကျော်ငွေပေးချေမှုစနစ်အရ ကမ္ဘောဒီးယားနိုင်ငံသားများသည် ရီယယ်ငွေဖြင့် ထိုင်းနိုင်ငံတွင် ကုန်ပစ္စည်းများဝယ်ယူနိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံသားများသည် ဘတ်ငွေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကုန်ပစ္စည်းဝယ်ယူနိုင်မည်ဖြစ်သည်။

ယခုငွေပေးချေမှုစနစ် အသုံးပြုရေးအတွက် သုံးစွဲသူသည် မိမိ၏နိုင်ငံတွင် သတ်မှတ်ထားသည့် ငွေကြေးဖြင့် ဖွင့်လှစ်ထားသည့်ဘဏ်စာရင်း ရှိရမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသား ရွှေ့ပြောင်းလုပ်သား တစ်သန်းကျော် ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်ကိုင်နေပြီး ယခုနှစ်ပထမသုံးလအတွင်း ထိုင်းနိုင်ငံသား ၄၄၀၀၀၀ကျော် ကမ္ဘောဒီးယားသို့ လာရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံက ၂၀၂၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်မှုကို တားမြစ်ရန် စီစဉ်

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်ခါသုံးပလတ်စတစ်များ ထုတ်လုပ်မှုကို ပိတ်ပင်တားမြစ်သွားရန် စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဆီတီနာဘာယာက ဇွန် ၆ ရက်တွင် ပြောကြားသည်။

ထို့ပြင် တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်သူများ အနေဖြင့်လည်း ပလတ်စတစ်ထုပ်ပိုးအသုံးပြုမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန်လည်း ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်၌ ဈေးဝယ်ရာတွင် အသုံးပြုသည့် တစ်ခါသုံးပလတ်စတစ်များနှင့် ပလတ်စတစ်ကို အသုံးပြုထားသည့် ပန်းကန်ခွက်ယောက်များ ပါဝင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး ဆီတီနာဘာယာက ပြောကြားသည်။

လူပေါင်း သန်း ၂၇၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန် ၁၂ ဒသမ ၆ သန်းအထိ စွန့်ပစ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-အလင်းသစ်

# စားသောက်ကုန်လုပ်ငန်းဆိုင်ရာစက်မှုပြပွဲ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပ

တိုကျို ဇွန် ၇

ပြောကြား

စားသောက်ကုန်လုပ်ငန်းဆိုင်ရာစက်မှုပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြပွဲ၌ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် စက်ရုပ်များက စားသောက်ကုန်များကို ပြင်ဆင်ထုပ်ပိုးထုတ်လုပ်နေခြင်းကို ပြသခဲ့ပြီး လူသားလုပ်သားများ ရှားပါးနေသည့်အချိန်တွင် စားသောက်ကုန်ထုပ်ပိုးထုတ်လုပ်ရေးလုပ်ငန်းများအတွက် အင်အားတစ်ရပ်ဖြစ်စေခဲ့သည်။ စက်ရုပ်လုပ်သားများသည် အစုအဖွဲ့အလိုက် စားသောက်ကုန်များကို ဘူးများအတွင်းသို့ ထည့်သွင်းရေး လုပ်ဆောင်ရာတွင် စက်ရုပ်လုပ်သားတစ်ဦးက တာဝန်ပျက်ကွက်ပါက အခြားစက်ရုပ်လုပ်သားက ကူညီ၍ တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

၎င်းပြပွဲတွင် စားသောက်ကုန်ထုတ်လုပ်ရေး ကုမ္ပဏီ ယာမာဇန်က နေ့လယ်စာဘူးများအား လူသားလုပ်သားအကူအညီမပါဘဲ ပုံရိပ်ဖမ်းနည်းပညာအသုံးပြု၍ ထုပ်ပိုးခြင်းကို လက်တွေ့ပြသခဲ့သည်။ ဂျပန်နိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများသည် လက်ရှိအချိန်တွင် စားသောက်ကုန်ထုတ်လုပ်ရေး နည်းစနစ်များကို အဆင့်မြှင့်တင်ပြောင်းလဲရန် ကြိုးပမ်းနေပြီး လူသားလုပ်သားများနေရာတွင် စက်ရုပ်လုပ်သားများအား ပြောင်းလဲသုံးစွဲနေကြောင်း ဂျပန်နိုင်ငံ စားသောက်ကုန်ထုတ်လုပ်ရေးအဖွဲ့ တာဝန်ရှိသူမိနာမိ တီဆူနိယူကီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# အီရန်နိုင်ငံက ပထမဆုံးသော အသံထက်မြန်သည့် ဒုံးကျည်တစ်စင်း ထုတ်ဖော်ပြသ

တီဟီရန် ဇွန် ၇

အီရန်နိုင်ငံသည် နိုင်ငံ၏ပထမဆုံးသော အသံထက်မြန်သည့်ဒုံးကျည်တစ်စင်းကို ယမန်နေ့တွင် ထုတ်ဖော်ပြသခဲ့သည်။

နိုင်ငံ၏ ထိပ်တန်းတော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ကာကွယ်ရေးဆိုင်ရာ အခမ်းအနားတစ်ခုတွင် အဆိုပါ ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်သည် မည်သည့်ပစ်မှတ်ကို မဆိုထိမှန်နိုင်ပြီး ကာကွယ်ရေးအကာအရံများကိုလည်း ထိုးဖောက်ဝင်ရောက်နိုင်သည်ဟု နိုင်ငံ၏ ထိပ်တန်းတော်လှန်ရေး အစောင့်တပ်ဖွဲ့တပ်မှူးတစ်ဦးက ပြောသည်။

အခမ်းအနားတွင် သမ္မတ အီဘရာဟင် ရိုင်စီက နိုင်ငံအတွင်း၌ ဒုံးကျည်ထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာများကို ရရှိထားပြီးဖြစ်ကြောင်းနှင့် ဒုံးကျည်ဖွံ့ဖြိုးမှုအစီအစဉ်ကို ခြိမ်းခြောက်မှုဖြင့် ရပ်တန့်မည်မဟုတ်ကြောင်းလည်း ကတိပြုပြောကြားသည်။

အဆိုပါ ဒုံးကျည်သည် အသံ၏ အမြန်နှုန်းထက် ၁၅ ဆ ပိုမြန်ကြောင်း အီရန်အစိုးရပိုင် သတင်းဌာနက ဖော်ပြသည်။ ဒုံးကျည်၏ အကွာအဝေးသည် ကီလိုမီတာ ၁၄၀၀ ရှိပြီး အစ္စရေးနိုင်ငံသို့ ရောက်ရှိနိုင်သည်ဟု ဆိုသည်။

အီရန်သည် ၎င်း၏နျူကလီးယားအစီအစဉ်အတွက် နိုင်ငံတကာမှ ပိတ်ဆို့အရေးယူမှုများရှိသော်လည်း ဒုံးကျည်ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။



မေလနှောင်းပိုင်းတွင် ကီလိုမီတာ ၂၀၀၀ အကွာအဝေးရှိ ပဲ့ထိန်းဒုံးကျည်သစ်တစ်စင်းကို ထုတ်ဖော်ပြသခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ







**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှူအေးနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး စားရေရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် လမ်းမဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် နဝကမ္မအလှူငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက် ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် ကုလားတန်(၃)သင်္ဘောဖြင့် ရောက်ရှိလာသော ဆန်များကို စားသုံးသူရေးရာဂိုဒေါင်သို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်/ ကုန်ချ လုပ်သားများဖြင့် သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့အတူ တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တာဝန်ရှိသူများသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ လေဘေးသင့်ကျေးရွာများရှိ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များထောက်ပံ့သည့် ထောက်ပံ့ရေးပစ္စည်းများ လေဘေးသင့်ပြည်သူများထံသို့ အမြန်ရောက်ရှိရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ စားရေရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော နေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီတဲများအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် အင်းဒင်ကျေးရွာအုပ်စု အောင်သုခကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ လေဘေးကြောင့် ပြိုလဲပျက်စီးခဲ့သော ကျောင်းတော်ကြီးကို ပြုပြင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့ပြင် ဇွန် ၆ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ပလက်ဝမြို့ ရွာမရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လေဘေးသင့်ကျေးရွာ ၄၄ ရွာမှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် စားသောက်ကုန်ပစ္စည်းများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှပေးအပ်သော Family Kit ၁၄၄ ပုံးတို့အား လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၇**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်တွေမြို့ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မင်းကန်ကျေးရွာအတွင်းရှိ လဲကျနေသောသစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် လှမချေကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ပန်းတောပြင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူလေဆိပ်၌ သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရပ်ကွက်(၂) အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူကျောက်တော်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ရှိ ဒေသခံပြည်သူများအား သောက်ရေသန့်များ ပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ သိန်းတန်ကျေးရွာမှ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်မြို့နယ်၌ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

မအူပင် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ယနေ့ညနေ ၄ နာရီ ၂၃ မိနစ်တွင် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ အမှတ် (၃)ရပ်ကွက် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ ထီးတော် စောင်းသွားခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ဘုရားအနီးရှိ မိုးကုတ်ဝိပဿနာတရားစခန်းမှ သီလရှင် ဒေါ်ဝိမာလနှင့် အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မာရုံကျောင်းလမ်းနေ ယောဂီဒေါ်ရီရီတင့်တို့သည် ဆန်းရိုတ်နှင့် ကျောက်ထုပ်ပြိုကျရာမှပိ၍ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့သည်။

ထို့အတူ မအူပင်မြို့ အိုင်ဝိုင်းကျေးရွာရှိ မအူပင်တက္ကသိုလ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဘွဲ့နှင်းသဘင်ဆောင်ရှိ နံရံများပြိုကျပြီး နံရံအချို့ကွဲအက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရေဆင်းမြောင်းနိမ့်ကျမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ဝန်ထမ်း ၂၀၀၊ ကျောင်းသား ၄၀၊ ကျောင်းသူ ၁၃၀ တို့အား အားကစားခန်းမနှင့် စားရိပ်သာ နှစ်ဆောင်၌ ပြောင်းရွှေ့ထားရှိခဲ့သည်။ ထပ်မံ၍ အမှတ်(၁)ရပ်ကွက်ရှိ စိမ်းမြကန်သာဘုရားလိုဏ်စေတီတွင် လိုဏ်ပေါ်ရှိ စေတီအောက်ခြေ၌ လေးပေ ခန့် အက်ကြောင်းများဖြစ်ပွားခဲ့သည်။ ယင်းနောက် ညနေ ၅ နာရီ ၂ မိနစ်တွင် ငလျင်ထပ်မံလှုပ်ခတ်ခဲ့မှုကြောင့် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော် မြေခချခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

"ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး အကယ်ဒမီအောင်ခိုင်၊ အကယ်ဒမီ ဝါဝါအောင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ ဦးဥညြ၊ ဟာသမယ်မတူး၊ ရွှေယမင်းနှင့် သံစဉ်ကိုတို့ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် **"အဖေ့ခြေရာ"** ခေါင်းစဉ်ဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်ရာ MRTV-HD Channel မှ ဇွန် ၁၀ ရက် (စနေနေ့) ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇွန် ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် ရွှေလှေကျေးရွာအုပ်စု ကျောင်းရွာကျေးရွာ၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

# ရွှေဘိုမြို့၌ ကောက်ရိုးမှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ရွှေဘို ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကောက်ရိုးမှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက ကောက်ရိုးမှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းခဲ့ပြီး ကွင်းဝန်ထမ်းများက လက်တွေ့စိုက်ပျိုးပြသခဲ့သည်။ **အေးမြသက်ထား**



# ရခိုင်ပြည်နယ်မှ မုန်တိုင်းဘေးသင့် ပြည်သူများအတွက် အလှူငွေပေးအပ်

မိတ္ထီလာ ဇွန် ၇

ဆိုင်ကလုန်း(မိုခါ)မုန်တိုင်းဘေးသင့်ခဲ့သော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် အလှူရှင်များက အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းငွေကျပ် ၁၅၈၅၄၀၀၀ နှင့် ငွေကျပ် ၂၃၁၇၀၀၀ တန်ဖိုးရှိ ကူညီထောက်ပံ့ရေးပစ္စည်းမျိုးစုံကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး သက်ထွန်း၊ အဖွဲ့ဝင်(၂) ဦးကျော်ဇေယျ၊ အဖွဲ့ဝင်(၃) ဦးနိုင်ဝင်းကျော်နှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ ချမ်းသာ(မိတ္ထီလာ)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၅ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၀ | ၂၁၂၀ | ၂၁၃၅ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၇၅ | ၂၃၀၅ | ၂၇၀၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၄၀ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၂၀၇၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၄ | ၁၉၅၅ |
| 95 Ron | ၁၉၇၉ | ၂၀၅၂ |
| HSD (500 ppm) | ၁၈၂၁ | ၁၈၈၇ |
| HSD (50 ppm) | ၁၈၉၅ | ၁၉၆၂ |
| HSD (10 ppm) | ၁၈၉၅ | ၁၉၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကွတ်ခိုင်မြို့၌ ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပ

ကွတ်ခိုင် ဇွန် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်က အဖွင့်အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဝင်းလွင်က နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်နိုင်စေရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွတ်ခိုင်မြို့နယ်အတွင်း ပန်းခင်းစီမံချက် အဆင့်(၂) ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၂ ကတ်အား နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သိန်းအောင်စိုးနှင့်




ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုဥက္ကဋ္ဌများက တိုင်းရင်းသား ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်း ဆောင်ရွက်

ထန်းတပင် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ထန်းတပင်မြို့နယ် မြို့ပေါ် ခြောက်ရပ်ကွက်အတွင်း Alt GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်းယူနစ်များနှင့်စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (ရုံးချုပ်) ပညာရှင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးထိန်ဂင်းနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ Computer/Laptop/Mobile Tablet များဖြင့် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်း၊ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

မြို့နယ်(ပြန်/ဆက်)



## နတ်တလင်းမြို့နယ်တွင် မိုးစပါး ၁၁၀၂၆၂ ဧက စိုက်ပျိုးမည်

နတ်တလင်း ဇွန် ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်တွင် မိုးစပါး ၁၁၀၂၆၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်ထားမှုများကို ဇွန် ၅ရက် နံနက် ၉ နာရီခွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူး နေဇော်ကိုကို၊ ရဲမှူးဌေးအောင်၊ မြေစာရင်း လက်ထောက်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက တာပွန်မြို့ ကွင်းအမှတ်(၂၂၁)၌ စပါးပျိုးထောင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းနှင့် တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားကြရန်၊ အချိန်မီစိုက်ပျိုးနိုင်ရန်၊ အထွက်တိုးကောင်းမွန်စေရန် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရန် စသည်များကို တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက မှာကြားခဲ့ကြောင်း သိရသည်။

တင်မြင့် (နတ်တလင်း)

## မော်လမြိုင်မြို့ အခြေခံပညာကျောင်းများ၌ အဘိတ်ဆေးထည့်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်

မော်လမြိုင် ဇွန် ၇

မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ်တွင် မိုးဦးကျကာလ၌ ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန် ၄ ရက်က အဘိတ်ဆေးထည့်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို သီရိမြိုင်ရပ်ကွက်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

☆ ကျောဖုံးမှ

မောင်တင်ညိုသည် အမျိုးသား လှံတံပစ်(F63)ပြိုင်ပွဲနှင့် သံလုံးပစ်(F63)ပြိုင်ပွဲတို့တွင် ပထမ (ရွှေတံဆိပ်)ဆု တစ်ခုစီကိုလည်းကောင်း၊ မောင်အောင်ဘုန်းမြတ်သည် အမျိုးသားသံလုံးပစ် (F46) ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုနှင့် အမျိုးသား သံပြားပစ် (F46) ပြိုင်ပွဲတွင် ဒုတိယ(ငွေတံဆိပ်)ဆု တစ်ခုစီကို လည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ (T64) ပြိုင်ပွဲတွင် မောင်လင်းက ပထမ (ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသားသံလုံးပစ် (F63)ပြိုင်ပွဲတွင် မောင်တင်ညိုက ပထမ (ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသားသံပြားပစ်(F64)ပြိုင်ပွဲတွင် မောင်ရဲမင်းစိုးက ပထမ (ရွှေတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသမီး လှံတံပစ် (F64) ပြိုင်ပွဲတွင် မစိန်ဖော့က ပထမ (ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသမီး သံပြားပစ်(F55)ပြိုင်ပွဲတွင် မထက်ထက်အေးက ပထမ (ရွှေတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား သံပြားပစ်(F64)ပြိုင်ပွဲတွင် မောင်ဟိန်းထက်လှိုင်က တတိယ (ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသမီးမီတာ (၁၀၀) (T47)ပြိုင်ပွဲတွင် မနန္ဒာလင်းက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အလေးမ အားကစားနည်းမှ အမျိုးသမီး (၈၆)ကီလိုတန်း (Total List)နှင့် (Best List)ပြိုင်ပွဲတွင် မငြိမ်းစန္ဒာအောင်က ဒုတိယ (ငွေတံဆိပ်) တစ်ခုစီကိုလည်းကောင်း၊ မျက်မမြင်စစ်တုရင် အားကစားနည်းမှ အမျိုးသား တစ်ဦးချင်း (လုံးဝမမြင်) ပုံမှန်ရွှေ့ပြိုင်ပွဲတွင် မောင်ကောင်းစံက တတိယ (ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား (တစ်စိတ်တစ်ဒေသ)မျက်မမြင်အသင်းလိုက် ပုံမှန်ရွှေ့ပြိုင်ပွဲတွင် မောင်မောရှေ၊ မောင်လင်းထက်နောင်၊ မောင်လှမိုးတို့က တတိယ (ကြေးတံဆိပ်)ဆုကို လည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ဆက်လက်ပြီး Morodok Techo National Stadium Aquatic Centre ၌ ကျင်းပလျက်ရှိသည့် ရေကူးအားကစားနည်းမှ အမျိုးသား မီတာ(၂၀၀) လေးမျိုးကူးပြိုင်ပွဲတွင် မောင်အောင်မြင့်မြတ်က ဒုတိယ (ငွေတံဆိပ်)ဆုကို လည်းကောင်း၊ မောင်စိုးဝင်းသည် အမျိုးသား မီတာ(၄၀၀) အလွတ်ကူးပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်)နှင့် မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်)ဆုတို့ကို လည်းကောင်း၊ အမျိုးသားမီတာ(၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် မောင်ကောင်းမြတ်ကျော်က တတိယ (ကြေးတံဆိပ်)ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မျက်မမြင်စစ်တုရင်၊ ရေကူး၊ ဘော်လီဘော၊ ဂိုးလ်ဘော၊ အလေးမ၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်ရှစ်ခုနှင့် ကြေးတံဆိပ်ကိုးခု ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

(၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၂၂ ခုနှင့် ကြေးတံဆိပ် ၁၈ ခု စုစုပေါင်းဆုတံဆိပ်၅၄ခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က သစ်ပင်ပေါင်း ၅၀၀ စိုက်ပျိုးခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)

✦ MNL မှ

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ၃၅ မိနစ်တွင် မြဝတီအသင်း ဂိုးစတင်ရရှိပြီး ကောင်းဇော်လင်းက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြဝတီအသင်းက ဖိကစားနိုင်ခဲ့ပြီး ၄၈ မိနစ်တွင် ရဲမိုးယံက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရသဖြင့် ရခိုင်အသင်း ချေပဂိုးရရန် ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၉ မိနစ်တွင် အသင်းခေါင်းဆောင် ဇော်ဇော်နိုင်က ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ပွဲအပြီးထိ ဂိုးထပ်မသွင်းနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲမစတင်မီ မိုးသည်းထန်စွာရွာသွန်းပြီး ကွင်းထဲရေဝပ်နေသဖြင့် ပွဲစတင်ချိန်နောက်ကျခဲ့ရကြောင်း သိရသည်။

ဇွန် ၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် YUSC ကွင်း၌ ပွဲစဉ် (၈) အဖြစ် အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ဓာတ်ပုံ-MNL

## တနိုင်းမြို့နယ် ပညာအလင်းငွေစုငွေချေးသမဝါယမအသင်းက အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေး

တနိုင်း ဇွန် ၇

ကချင်ပြည်နယ် တနိုင်းမြို့နယ် ဒူးကောင်းရပ်ကွက် ဟူးကောင်းခန်းမ၌ ကျင်းပသည့် ပညာအလင်းငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် အသင်းသူ အသင်းသားများ တက်ရောက်ပြီး အသင်းသား ၁၃၈ ဦးအတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၇၁၉၇၃၀၀၊ အစုပေါ်အမြတ်ငွေကျပ် ၃၃၂၀၀၀၀ စုစုပေါင်းငွေကျပ် ၂၀၅၁၇၃၀၀ ကို အသင်းသားပြည်သူများသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့်အခြေအနေ

နေပြည်တော် ဇွန် ၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းဆဲလ် တစ်ခုဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

## Global Digital Health Summit, Expo and Innovation Awards သို့ ပါဝင်ပြသနိုင်

ရန်ကုန် ဇွန် ၇

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့ရှိ Jio World Convention Center ၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည့် Global Digital Health Summit, Expo and Innovation Awards သို့ မြန်မာနိုင်ငံရှိ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍတွင် လုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အခမ်းအနားတွင် ကျန်းမာရေးနည်းပညာဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲနှင့် အခမ်းအနားသို့ မြန်မာကုမ္ပဏီများ ပါဝင်တက်ရောက်ခြင်းဖြင့် ကျန်းမာရေး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများမှ အဓိကပုဂ္ဂိုလ်များနှင့်တွေ့ဆုံနိုင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေနိုင်မည်ဖြစ်သည်။

Summit သို့ တက်ရောက်မည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ကုန်ကျစရိတ်များ ကိုယ်တိုင်ကျခံရမည်ဖြစ်ကြောင်းနှင့် ပြခန်းဆောင်ငှားရမ်းခနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်မှတ်ပုံတင်ခြင်းဖြင့် သိရှိနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

## မုံရွာခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများမြင့်တက်

မုံရွာ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇွန်လပထမပတ်တွင် စပါးဈေးနှုန်းနှင့် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ ဇွန်လပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရေမာမင်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၃၀၀၀၀၀ မှ ၂၄၀၀၀၀၀၊ ရေမာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ၉၀၀၀၀ မှ ၉၅၀၀၀ ထိ၊ မနောသုခစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ မနောသုခဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၈၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ ထိတို့ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ယခင်လပထမအပတ် စပါး/ဆန်ဈေးနှုန်းများနှင့် ယခုလပထမအပတ်ဈေးနှုန်းများ နှိုင်းယှဉ်လျှင် ရေမာမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၊ ရေမာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၊ မနောသုခစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀၊ မနောသုခ ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၊ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်အတွင်း ငရုတ်သီးအမှည့်အစိုများ ဈေးကောင်းရ



ကျောက်ဆည် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ငရုတ်(မိုး) စိုက်ဧက စုစုပေါင်း ၈၄၉၇ ဧက စိုက်ပျိုးထားရှိပြီး ၅၀၂၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ငရုတ်သီးများစိုက်ပျိုးရာတွင် အရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းသော စကာတာမျိုး၊ 692 မျိုးနှင့် တိုးတိုးအောင် ငရုတ်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် ငရုတ်အမှည့်(အစို)တင်း ၂၀၀ ခန့်၊ ပိဿာအနေဖြင့် ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ငရုတ်သီးအမှည့်(အခြောက်)အနေဖြင့် တင်း ၈၀ ခန့် ထွက်ရှိကြောင်း သိရသည်။ ငရုတ်သီးဈေးနှုန်းအနေဖြင့် ငရုတ်သီးအမှည့်(အစို) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၁၀၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ငရုတ်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီး ငရုတ်ပွဲစားများက ငရုတ်သီးအမှည့်(အစို)များကိုသာ အဓိကထားဝယ်ယူကြသည့်အတွက် ငရုတ်စိုက်တောင်သူများ ဈေးကောင်းရရှိကာ အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်

ကျောက်ဆည် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းစိုက်ဧက ကျောက်ဆည်မြို့နယ်တွင် ၁၉၀၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၉၃၉ ဧက၊ မြစ်သားမြို့နယ်တွင် ၁၆၁၅ ဧက စုစုပေါင်း ၆၄၅၈ ဧက စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် ခရိုင်အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်ရှိနေပြီးမျိုးအနေဖြင့် ကျောက်စိမ်း၊ ရေဆင်း ၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံများကို မတ်လဆန်းမှ စတင်စိုက်ပျိုးခဲ့ရာ ဇွန်လဆန်းတွင် ပဲတီစိမ်း အများဆုံးထွက်ရှိလျက်ရှိသည်။ ကုန်ကျစရိတ်အနေဖြင့်တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး ယခုလက်ရှိ ပဲတီစိမ်းပေါက်ဈေးနှုန်းမှာ ငွေကျပ် ၆၀၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တစ်ဧကလျှင် ငွေကျပ် ၃၀၅၀၀၀ ရရှိကြောင်း သိရသည်။

## ပခုက္ကူခရိုင်တွင် ဆီးသီးခြောက်နှင့် ဆီးဆန်များ ဈေးကောင်းရ

ပခုက္ကူ ဇွန် ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ဆီးသီးကုန်ကြမ်းများ ပေါများသည့်အတွက် ဆီးသီးဈေးကွက်အနေဖြင့် ဆီးခွဲစက်လုပ်ငန်းရှင်များ၊ ဖျော်ရည်လုပ်ငန်းရှင်များ၊ ဆီးယိုလုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုကြပြီး ဆီးခွဲစက်များမှ ဆီးသီးများကို ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆီးခွဲခြမ်းများကို ပဲကြော်လုပ်ငန်းရှင်၊ နှမ်းလှော်လုပ်ငန်းရှင်၊ ကြက်သွန်ကြော်လုပ်ငန်းရှင်နှင့် မြေပဲဆားလှော်လုပ်ငန်းရှင်များက လောင်စာအဖြစ်အသုံးပြုရန်အတွက် ဝယ်ယူကြကြောင်း၊ ဆီးသီးအစေ့မှ ထွက်ရှိသော ဆီးဆန်များသည်လည်း ဆေးဖက်ဝင်၍ ပြည်ပနိုင်ငံများက ဝယ်ယူကြကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် မေလပထမပတ်တွင် ဆီးသီးခြောက် တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၊ ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၄၀၀၀ ဖြစ်ပြီး ဇွန်လပထမပတ်တွင် ဆီးသီးခြောက် တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၊ ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ ထိရရှိကာ ဈေးကောင်းရနေကြောင်း ဆီးခွဲစက်လုပ်ငန်းရှင်ထံမှ သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၇-၆-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၂၀၀ | ၇၀၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၇၄၀၀ | ၄၃၀၀ | ၈၀၀၀ | ၇၅၀ | ၇၈၀၀ | ၅၅၀၀ | ၄၉၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၂၈၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၂၉၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၅၀၀ | ၇၂၀၀ | ၅၆၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၉၅၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၅၂၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၂၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ဇစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ၂၀၀ ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် လားရှိုး၊ လွိုင်ကော်နှင့် မုံရွာတွင် ၁၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၅၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ကလေးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၁၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၅၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုး၊ မြိတ်နှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ထားဝယ်တွင် ၁၃၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ပုသိမ်တွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀ကျပ်၊ တောင်ကြီးတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် (၂) ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ် ၂၉၈ တွင် တည်ရှိသောအသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (SME–Development Bank) (ကုမ္ပဏီမှတ်ပုံတင်အမှတ်– ၁၈၀၄၀၄၄၂၂)သည် ရန်ကုန်မြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ အမှတ်တံဆိပ်၊ အမည်နှင့် စာတမ်းအမှတ်အသားများအား စာချုပ်အမှတ်– ၄/၂၂၈၈/၂၀၁၈ (၂၃–၂–၂၀၁၈)ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။ ထို့အတူ (၂၉–၅–၂၀၂၃)နေ့စွဲဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် စနစ်သစ်အရလည်း ထပ်မံမှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လုပ်ကိုင်ခွင့်ပြုထားသော ဘဏ်လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ပဘ (အာရ်) – ၁၇/၀၈/၂၀၁၆ (၁၈–၈–၂၀၁၆) ရရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ၊ အီလက်ထရောနစ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံတော်တစ်ဝန်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ငွေကြေးဖြည့်ဆည်းပံ့ပိုးပေးသောဝန်ဆောင်မှုလုပ်ငန်းများအစရှိသော ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

SME – Development Bank
Dependable Financial Partner
အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်

SME – Development Bank သည် ၁၉၉၆ ခုနှစ်မှစတင်၍ အများပြည်သူလူထု၏ ယုံကြည်အားထားမှုရရှိလာပြီး ယနေ့အထိ ကောင်းမွန်သော ဂုဏ်သတင်းများဖြင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ ယခုအခါတွင် မသမာသူ လူတချို့မှ အထက်ဖော်ပြပါ SME – Development Bank ၏ အမှတ်တံဆိပ်၊ အမည်၊ စာတမ်းအမှတ်အသားနှင့် ကောင်းမွန်သော ဂုဏ်သတင်းများကို အများပြည်သူယုံကြည်စေရန်ရည်ရွယ်၍ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် မှီငြမ်းတုပပြီး SME – Development Bank ၏ ဖောက်သည်များ၊ လုပ်ငန်းရှင်များ၊ အများပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် SME – Development Bank ၏ ကောင်းမွန်သော ဂုဏ်သတင်းများကို ထိခိုက်နစ်နာ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ အီလက်ထရောနစ်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ လူမှုကွန်ရက်များ (Facebook ,YouTube, Viber, Telegram, Messenger နှင့်အခြားသော Social Media, Online Applications အစရှိသည့်) တို့တွင် Account အတုများ၊ Facebook/ Messenger Page အတုများ ပြုလုပ်၍ ငွေကြေးလိမ်လည်ခြင်းများ၊ အလွဲသုံးစားပြုခြင်းများ၊ SME–Development Bank ဘဏ် ဖောက်သည်များ၊ လုပ်ငန်းရှင်များ၊ အများပြည်သူလူထု၏ အကျိုးစီးပွား ပျက်စီးဆုံးရှုံးစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းများအား လုပ်ဆောင်နေကြောင်း SME – Development Bank အနေဖြင့်တွေ့မြင်၊ ကြားသိနေရပါသဖြင့် အဆိုပါ လုပ်ဆောင်ချက်များသည် SME – Development Bank နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်း အများပြည်သူများသိရှိနိုင်စေရန် အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

SME – Development Bank ၏ အမှတ်တံဆိပ်၊ အမည်နှင့် စာတမ်းအမှတ်အသားများ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ တုပခြင်း၊ ဖော်ပြခြင်း၊ သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ထိုကဲ့သို့ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများအား ပြုလုပ်ထားပါက ချက်ချင်းရပ်တန့်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် SME – Development Bank ၏ နစ်နာဆုံးရှုံးမှုများအတွက် တရားစွဲမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်အေးစုကြည်(စဥ်–၈၅၀၆) | ဦးတင်နိုင်(မြိတ်) | နော်မြတ်လေးနွယ်(စဥ်–၁၅၉၂၂) |
|---|---|---|
| LL.B | B.A., H.G.P., R.L., D.B.L., D.M.L., D.I.L., D.I.R | LL.B, D.B.L |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ (စဥ် – ၄၅၅၄) | တရားလွှတ်တော်ရှေ့နေ |
| 09–43171659 | | |

**အမှတ်– ၂၉၈၊ အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ အ.ထ.က(၃)၊ မြောက်ဥက္ကလာ Grade–8 တွင် ပညာသင်ကြားနေသော မမာမာလွင်၏ ဖခင်အမည်မှန်မှာ ဦးတက်တိုး [၉/ညဥန (နိုင်) ၀၅၅၉၄၈] ဖြစ်ပါကြောင်း။

**ဦးတက်တိုး**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ အ.မ.က(၃၇) မြောက်ဥက္ကလာ Grade–2 တွင် ပညာသင်ကြားနေသော မအိဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးတက်တိုး [၉/ညဥန (နိုင်) ၀၅၅၉၄၈] ဖြစ်ပါကြောင်း။

**ဦးတက်တိုး**

## မိဘအမည်မှန်

လှိုင်သာယာမြို့နယ်၊ (၁၆) ရပ်ကွက်နေ အ.ထ.က(၇) Grade–5 မှ မချစ်သူဝေ၏ မိဘအမည်မှန်မှာ ဦးမြင့်တင်နှင့် ဒေါ်သီတာ [၁၄/လပတ (နိုင်)၁၈၅၁၆၁] ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးထင်လင်းအောင် [၁၂/စခန(နိုင်) ၀၀၃၁၄၀]၏ သမီး N3– ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade–IIတက်ရောက်နေသော မမေသီကိုအား မမေသီရိကိုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသီရိကို**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့ ၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)ရှိ ဒေါ်ယဉ်ယဉ်(ခ) ဒေါ်ဝမ်မေယဉ် (ဘ) ဦးဝမ်ရှီခွေ [၁/မကန(နိုင်)၀၁၃၂၀၇] အမည်ပေါက် မြေကွက် အမှတ် (S–၁၆၁)၊ ဧရိယာ(၀.၂၂၉)ဧက၏ (ယာယီ) မြေနေရာချထားခြင်းလက်မှတ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ (ယာယီ) မြေနေရာချထားခြင်းလက်မှတ် မိတ္တူ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၄၅/၂၀၂၃)၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သက်သေထွက်ဆိုချက်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး **(ယာယီ)မြေနေရာ ချထားခြင်းလက်မှတ် (မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **(ယာယီ)မြေနေရာ ချထားခြင်းလက်မှတ် (မိတ္တူမှန်)** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)ရှိ ဒေါ်နန်းခမ်းဟွမ် (ဘ) ဦးမောင်ညွှန့် [၁/မကတ(နိုင်)၀၈၁၅၄၉] အမည်ပေါက် မြေကွက်အမှတ်(S–၁၅၇)၊ ဧရိယာ(၀.၂၂၉)ဧက၏ (ယာယီ) မြေနေရာချထားခြင်းလက်မှတ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ (ယာယီ)မြေနေရာချထားခြင်းလက်မှတ်မိတ္တူ ပျောက်ဆုံး သွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၄၇/၂၀၂၃)၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သက်သေထွက်ဆိုချက်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး **(ယာယီ)မြေနေရာချထားခြင်း လက်မှတ်(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **(ယာယီ)မြေနေရာချထားခြင်း လက်မှတ်(မိတ္တူမှန်)** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မောင်အေးချမ်းငြိမ်း [၁၂/ရပသ(နိုင်)၀၉၈၁၂၉] ကိုင်ဆောင်သော ပတ်စ်ပို့အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–450034070**

## ဖခင်အမည်မှန်

အထက (ကန်ဘဲ့) တွံတေး၊ Grade–11 တွင် ပညာသင်ကြားနေသော မသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးအုံးသွင် [၁၂/သလန (နိုင်) ၀၄၄၉၆၀] ဖြစ်ပါသည်။

## ဥတုရာသီ တောကို မှီ၏

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထက ဥက္ကံမြို့၊ Grade–11 တန်းတွင် ပညာသင်ကြားနေသော မဝင်းသီတာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းစန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထက ဥက္ကံမြို့၊ Grade–11 တန်းမှ မအိအိသိမ့်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးဝင်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊အထက ကျွန်းတောကုန်း၊ Grade–8 တန်းမှ မခင်မျိုးသက်၏ ဖခင် အမည်မှန်မှာ ဦးအောင်မြင့် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထက (တိုက်ကြီး) Grade–10 (C)တွင် ပညာသင်ကြားနေသော မောင်သော်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမြင့် ဖြစ်ပါသည်။

## အမည်ပြောင်း

ဒဂုံမြို့နယ်ရှိ အထက(၁) ဒဂုံကျောင်း၊ ဒုတိယတန်းမှ ဦးထင်လင်းအောင်၏ သားဖြစ်သူ မောင်ခန့်ဇင်လင်းအား ယနေ့မှစ၍ မောင်ဇင်လင်းထက်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မောင်ဇင်လင်းထက်**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အယ်လ်ခေါင်ညွယ် [၁/မကတ (နိုင်) ၀၁၇၄၂၉]၏ ပတ်စ်ပို့နံပါတ် (MC–634676)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၀၀၀၃၆၃၀**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဘောမ်ခေါ [၁/ပဝန(နိုင်)၀၀၀၇၆၅]၏ ပတ်စ်ပို့နံပါတ် (MA–718531)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၈၉၄၉၆၇၆၀၄**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ Grade–10 ($S_1$)မှ မောင်ဘုန်းမြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး [၁/မကန (နိုင်) ၂၁၅၇၃၄] ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အလက (လယ်ကုန်း–၄)၊ Grade–8 မှ မခေါနာမ်၏ မိဘအမည်မှန်မှာ ဦးနူးခေါ [၁/မကန (နိုင်) ၁၃၄၂၇၃]နှင့် ဒေါ်ဆမ်ခေါန် [၁/မကန (နိုင်) ၁၆၇၁၂၆] ဖြစ်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၁)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အမှတ်စဉ်(၁/၂၀၂၃)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁) ရန်ကုန်မှ (၂၀၂၃–၂၀၂၄) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော **အုတ်၊ ဘိလပ်မြေ၊ သံချောင်း၊ Ready Mixed Concrete, Aluminium Door and Window, Ceilling work, Metal Door, Fire Rated Door, Teak Pannel Door, Composite Work, Vinyl Floor, Perforated Metal Sheet Work, CCTV, Fire Alarm နှင့် လျှပ်စစ်လုပ်ငန်းသုံးပစ္စည်းများ၊ 200KVA Transformer နှင့် ပြင်ပ လျှပ်စစ်ဆက်စပ်လုပ်ငန်းများ၊ Waste Water Treatment System, Water Treatment System, Fire Fighting** နှင့် ရေသန့်ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | ၂၁–၆–၂၀၂၃ (ညနေ ၄:၀၀နာရီ) |
| ၂။ | တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | – | ၃၀–၆–၂၀၂၃ (နံနက် ၁၀:၃၀နာရီ) |
| ၃။ | တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့် နေရာ | – | အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊ အေ(၁)၊ အေ(၂)၊ သံသုမာလမ်းနှင့် သရဖီလမ်းထောင့်၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ မင်းဒင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။ |

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦ အထူးအဖွဲ့(၁)ရန်ကုန်တွင် ရုံးချိန်အတွင်း ဖုန်း ၀၁–၇၃၃၃၅၆၀၊ ၀၉–၄၂၀၀၃၆၆၂၂ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**မှတ်ချက်။ ။ (၅–၅–၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာပါ အဆောက်အဦအထူးအဖွဲ့(၁) တင်ဒါကြော်ငြာအား သတ်မှတ်ရက်တိုး၍ ထပ်မံကြော်ငြာခြင်းဖြစ်ပါသည်။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၀–ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်– ၁၂၁၀ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၊ မြေကွက် အမှတ် – ၁၂၁၀၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား– နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းမိုး (CI–၀၅၁၉၂၂) [၁၂/မဂတ(နိုင်)၀၃၈၇၂၂] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၃၁–၅–၂၀၂၃)ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"အရ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁]က မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးကျော်မင်းနိုင် | ဦးသန်းဦး |
|---|---|
| အထက်တန်းရှေ့နေ(စဥ်–၄၈၈၈၀) | တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၈၇၅) |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၂၉–ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်– ၇၀၃ ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၉၊ မြေကွက်အမှတ်– ၇၀၃၊ အကျယ် (၄၇'x၆၀')၊ မြေအမျိုးအစား– နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းတွင် ဦးငွေသောင်း (ဘ) ဦးသာကြူ [၁၀/မလမ(နိုင်)၀၅၈၀၀၂] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် – ၁၆၀၇၅/၂၀၂၂ (၆–၉–၂၀၂၂)အရ ဝယ်ယူထားသူ ဒေါ်မိုးမိုးဝင်း [၁၃/လရန(နိုင်)၁၀၇၇၄၇] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးဟိန်းစိုး | ဦးသန်းဦး |
|---|---|
| အထက်တန်းရှေ့နေ(စဥ်–၄၈၉၃၃) | တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၈၇၅) |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆–လမ်း၊ အမှတ်– ၁၅၂၊ အခန်းအမှတ်– ၅၆၊ ၇–လွှာ၊ အကျယ်အဝန်း (၁၆x၆၀)ပေရှိရေ၊ မီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိမ်းမြတ်မွန် [၁၂/ဒဂန(နိုင်)၀၀၁၄၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့မိတ်ဆွေ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်မို့မို့ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၉၉၄)**
**အမှတ်(၄၉)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၈၂၅၄၇၆၈**

## “မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ရန် အသင်းသားများဖိတ်ခေါ်ခြင်း”

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍအားကိုယ်စားပြု၍ ခရီးသွားလုပ်ငန်းဆက်စပ်အသင်းအဖွဲ့များနှင့် ဖွဲ့စည်းထားသည့် အဖွဲ့ချုပ်ဖြစ်ပါသည်။ ယခုအခါ ခရီးသွားလုပ်ငန်းအား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်း နယ်ပယ်ရှိ အောက်ပါအသင်းဝင် အမျိုးအစားများအား ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

(၁) မြန်မာနိုင်ငံသားများ ဖွဲ့စည်းထားသည့်အသင်းအဖွဲ့

(၂) မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ

(၃) နိုင်ငံခြားသားပိုင်ကုမ္ပဏီ

(၄) ခွင့်ပြုချက်လိုင်စင်ရ စီးပွားရေးလုပ်ငန်းများ

(၅) တစ်သီးပုဂ္ဂလ(ဝန်ထမ်းမဟုတ်သောကျွမ်းကျင်ပညာရှင်များ/ဝန်ထမ်းများ)

အသင်းဝင်များ၏ အကျိုးခံစားခွင့်များ၊ အသင်းဝင်လျှောက်လွှာနှင့် အသင်းဝင်ကြေးပေးသွင်းခြင်းဆိုင်ရာ အချက်အလက် အသေးစိတ်အား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ တရားဝင်သတင်းထုတ်ပြန်သည့် Website- www.myanmartourismfederation.org/ နှင့် Facebook Page- www.facebooke.com/myanmartourismfederation.org တို့တွင် ဝင်ရောက် ဖတ်ရှုလေ့လာနိုင်ပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်**
**၀၁-၈၂၀၃၈၆၁၊၀၁-၈၂၀၃၈၆၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၁၆)၊ မြေကွက်တည်နေရာအမှတ်(၆၁၆)၊ ပုဂံလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်မာသွင်(ခ)မဆယ်မိ (S/OKA-018574) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်မာသွယ်(ခ)ဒေါ်ဆယ်မိ [၁၂/ဥကတ(နိုင်)၁၈၀၀၁၆]မှ မြေတိုင်းလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၂)တွင် (၂၀၁၄)ခုနှစ် ဘဏ်ချေးမြေပုံမှတ်ချက်ရှိသဖြင့် ယင်းမှတ်ချက်နှင့်ပတ်သက်၍ ဦးသန်းအေးမှ ဘဏ်ချေးမြေပုံအား ငွေချေးကိစ္စဆောင်ရွက်မည်ဟု ဂရန်မူရင်းရယူသွားခဲ့ခြင်းဖြစ်ကြောင်း၊ ဂရန်မူရင်းပြန်မပေး၍ ဦးသန်းအေးကို တရားစွဲဆိုခဲ့ကြောင်း၊ တရားစွဲဆိုခဲ့၍ ဂရန်စာချုပ်ပြန်လည်ရရှိပြီးဖြစ်ကြောင်း၊ ဘဏ်ချေးမြေပုံနှင့်ပတ်သက်၍ ထုတ်ယူခဲ့ခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၂၁၁၉/၂၀၂၃)(၂၉-၅-၂၀၂၃)၊ ဦးသန်းအေးအား တရားစွဲဆိုခဲ့သည့် တရားရုံးအထောက်အထားများ၊ ဝန်ခံကတိစာချုပ်၊ ဂရန်၊ နိုင်/ကတ်၊ Obj၊ ဝန်ဆောင်ခတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၁၀၀၄+၁၀၀၅+၁၀၀၆)၊ မြေအကျယ်အဝန်း(၁၂၀ပေ×၆၀ပေ)ရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်လီလီ(၁၃/တကန(နိုင်)၀၉၇၅၆၅) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း နှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီး အပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန် အတွက်အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဝန်သိုလမ်းနှင့်ရန်ကြီးအောင်လမ်းထောင့်၊ မြေကွက်အမှတ်(၃၁၇)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်နန်းထောင်စမ်း(၁၃/မယတ(နိုင်)၀၁၀၁၃၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးပြည့်ဇော်ဦး(၁၂/လမန(နိုင်)၁၂၂၃၂၀)သည် နှစ်ဦးသဘောတူမြေကွက်နှင့်နေအိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍(၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လ (၃)လမ်း၊ အမှတ် (၉၈)၊ ဒုတိယအထပ် (ခေါင်းရင်းအခန်း)၊ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်တင်မာနွယ် [၁၂/ဗဟန(နိုင်)၀၁၁၇၀၆] (ရောင်းသူ ဒေါ်သန်းသန်း၏ကိုယ်စား အလုံးစုံတာဝန်ယူ၍ လက်မှတ်ရေးထိုးရောင်းချသူ)မှ တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဦးလင်းလဝန်း [၁၂/ဥကမ(နိုင်)၂၁၇၄၉၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလင်းလဝန်း၏ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၆၀၅/၂၀. ၇. ၁၉၉၈)**
**ရုံး (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉ ၅၄၀၇၂၂၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁/ရွှေပေါက်ကံ၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၅၅၆)၊ မြေအကျယ်(၁၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသူဦးသိန်းမျိုးထွန်း [၇/သနပ(နိုင်)၀၇၄၄၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းလွင် [၁၂/ဥကမ(နိုင်)၀၈၂၆၆၀]နှင့် ဒေါ်ရွှေရွှေမြင့် [၁၂/ဥကမ(နိုင်)၀၈၂၆၆၂]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော (၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၀၆၉၄**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၆/A)၊ စိမ်းလန်းမြေ၊ ဒလတွံတေးလမ်းမကြီး၊ မော်စက်ရပ်ကွက်၊ အကျယ်အဝန်း (၅၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၆၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ကျောက်ဆုံရှု [၁၃/လရန(နိုင်)၀၃၀၈၂၃] အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး ဒလမြို့နယ်မှတ်ပုံတင်စာချုပ်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၃၈/၂၀၂၃)ဖြင့် ချုပ်ဆိုထားသူ ဦးကျော်ကျော်စိုး [၅/စကန(နိုင်)၁၄၆၉၇၂]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆**

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ–၂၆)၊ ရွှေလင်ပန်း (၂၆)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၉၁)၊ ဧရိယာစတုရန်းပေ(၂၄၀၀) အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သည့် ဒေါ်မေလွင်ဦး [၁၄/လမန(နိုင်)၀၅၉၆၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၃၃)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၁၅၆၄၆၄၅**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင် ရပ်ကွက်၊ သုမနလမ်း၊ အမှတ်–၁၁၂၅/က ၊ (၆)ထပ်တိုက်၏ (၆)လွှာ ရှိ အကျယ်အဝန်း (အလျား ၁၈ပေ x အနံ ၅၄ပေ) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မူမူထွန်း [၁၂/ဒဂရ(နိုင်)၀၀၃၇၈၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးကျော်ရဲထွန်း [၅/စကန(နိုင်)၂၃၃၀၀၃]နှင့် ဒေါ်ထက်ထက်အောင်(ခ)ဒေါ်နွေးနွေးလှိုင် [၁၂/ကမတ(နိုင်)၀၆၈၆၆၉]တို့မှ အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာမြင့် LL.B ,LL.M,DIPL,DIL, (WIPO– Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၅၁)**
**အမှတ်(၁၈၂/ခ)၊ ချောင်းသာ(၁)လမ်း၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉ ၄၂၁၇ ၆၈၈၄၃**

### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရှုခင်းသာလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၇၈၅/က)၊ မြေကွက်အကျယ်အဝန်း (၂၀x၆၀)ပေ အမည်ပေါက် ဦးဖေကြည်ထံမှ အရပ်စာချုပ်ဖြင့် (က) ဒေါ်သိန်း [၁၂/သကတ(နိုင်)၀၆၆၅၇၅]၊ (ခ) ဦးထွန်းထွန်းလတ် [၁၂/သကတ(နိုင်)၀၆၉၀၅၂]တို့မှ (၇–၁၂–၁၉၉၆)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိသော မြေကွက်နှင့် (၂)ထပ်အိမ်ကို ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ဒေါ်ခင်မိုးမိုး [၁၂/မဂတ(နိုင်)၀၆၃၁၃၅]မှ ဝယ်ယူရန် သဘောတူညီပါသဖြင့် (၅–၆–၂၀၂၃)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမိုး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ (စဉ်–၁၉၁၂၁/၃၀–၆–၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5158106, 09-43073318**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန်တိုက်တွန်းအပ်...**

❖ **သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူအဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## MNL ပြိုင်ပွဲတွင် မြဝတီအသင်း နိုင်ပွဲပြန်ရ

ရန်ကုန် ဇွန် ၇

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) စတုတ္ထနေ့ကို ဇွန် ၇ ရက်က ဆက်လက်ကျင်းပရာ မြဝတီအသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့**

မြဝတီအသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ယခုနိုင်ပွဲမှာ မြဝတီအသင်းအတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်ခဲ့ပြီး တန်းဆင်းဇုန်ထဲရောက်ရှိမည့် အခြေအနေမှ ရုန်းထွက်နိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ နှစ်ပွဲဆက်အရေးနိမ့်ခဲ့ပြီး ထိပ်ဆုံးခြောက်သင်းစာရင်းဝင်နိုင်မည့် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✦



မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ကိုးခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် ဇွန် ၇

၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပရာ Morodok Techo-national Stadium Complex ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆




**ယနေ့ ဖတ်စရာ**

**စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အခမ်းအနားကျင်းပ** စာမျက်နှာ » ၉

**လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံက ထုတ်လွှင့်ကြေညာပေးမည်** စာမျက်နှာ » ၁၀

**နေပြည်တော်မှာ ထူးခြားစည်ကားပြည့်စုံစွာ ဂုဏ်ပြုကျင်းပတော့မည့် (၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆု** ဆောင်းပါးစာမျက်နှာ » ၁၁